# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၃) ရက် ၊ စနေနေ့ ၊ (10-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ **Jeng Phang** နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့်ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက **Video Conferencing** ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




# ရတနာပုံ

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်

အယ်ဒီတာ့အာဘော်

## ငြိမ်းချမ်းမှုဖြင့် တိုင်းပြည်သာယာဝပြောရေး

နိုင်ငံတော်အစိုးရသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်တွင် ထည့်သွင်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် **(NCA)** ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်ကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်ချမှတ်ကာ ငြိမ်းချမ်းရေးသန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိဖော်ဆောင်နေသော ထာဝရငြိမ်းချမ်းရေးသည် တိုင်းရင်းသားမျိုးနွယ်တစ်စုအတွက်သာ မဟုတ်ပေ။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးအတွက် ဖြစ်သည်။ မိမိတို့နိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း မောင်ရင်းနှမပမာ စိတ်ထားရှိခဲ့သည်မှာ ရှေးပဝေသဏီကာလကပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက် အင်္ဂလိပ်နယ်ချဲ့တို့နှင့် အနောက်အုပ်စုတို့သည် တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာကွဲစေရန် လုပ်ဆောင်ခဲ့မှုကြောင့် တိုင်းရင်းသားများကြား သွေးခွဲခံရကာ လက်နက်ကိုင်ပဋိပက္ခများဖြင့် ကြုံတွေ့ရခြင်းဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် ကြုံတွေ့လာရသော မငြိမ်းချမ်းမှုသည် လွတ်လပ်ရေးရပြီးသည်မှစ၍ ယခုထက်တိုင်ဖြစ်သည်။ ငြိမ်းချမ်းမှုမရှိသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုက အလှမ်းဝေးနေမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့သည်လည်း နိမ့်ကျနေဦးမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကိုချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် **(NCA)** နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည့် အခြေခံအချက်နှစ်ခုအပေါ်တွင်အခြေခံပြီး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လျက်ရှိရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနှင့်တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

လက်ရှိ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေမှုကို မလိုလားသူများသည် အနောက်အုပ်စုနှင့် ၎င်းတို့၏ လက်ဝေခံမီဒီယာများက နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးလျက်ရှိသည်။ ထို့ပြင် **NUG**၊ **CRPH** နှင့် **PDF** အမည်ခံ အကြမ်းဖက်သမားတို့၏ အကြမ်းဖက်မှုလုပ်ရပ်များကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေလျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ တိုင်းရင်းသားတို့၏ လက်တွဲမဖြုတ်စတမ်း ချစ်ကြည်ရင်းနှီးစိတ်ဖြင့် အတူတကွဆောင်ရွက်ပါက ထာဝရငြိမ်းချမ်းရေးမှာ မလွဲမသွေရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကို အားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးမှုအားနည်းနေသေးသည့် နယ်စပ်ဒေသများအပါအဝင် ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

## ရောဝတီမြစ် မန္တလေး-မြင်းမူ-ညောင်ဦး ရေလမ်းကြောင်းတစ်လျှောက်၌ ဇန်နဝါရီလတွင် ရေလမ်းညွှန်အမှတ်အသားအခုရေ ၅၈၀ စိုက်ထူမည်



**မန္တလေး ဒီဇင်ဘာ ၉**

ရောဝတီမြစ် မန္တလေး-မြင်းမူ-ညောင်ဦး ရေလမ်းကြောင်း တစ်လျှောက်၌ လာမည့် ဇန်နဝါရီလတွင် ရေလမ်းညွှန်အမှတ်အသားအခုရေ ၅၈၀ စိုက်ထူမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍သိရသည်။

ရောဝတီမြစ် မန္တလေး-မြင်းမူ-ညောင်ဦး ရေလမ်းကြောင်းတစ်လျှောက် သင်္ဘောများသွားလာရာ၌ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လာမည့် ဇန်နဝါရီလတွင် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၃၈၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၅၈၀ ကို စိုက်ထူပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရောဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး-မြင်းမူ-ညောင်ဦး ရေလမ်းကြောင်းမှာ လာမဲ့ဇန်နဝါရီလပထမပတ်မှာ ရေလမ်းညွှန်အမှတ်အသားတွေကို စိုက်ထူပြသပေးသွားမှာပါ။ ရာသီဥတုအပြောင်းအလဲတွေနဲ့ မြစ်ရေတိုက်စားမှုတွေကြောင့် အရင်က စိုက်ထူပြသပေးတဲ့ရေလမ်းညွှန်အမှတ်အသားတွေ ပျက်စီးဆုံးရှုံးမှုတော့ အနည်းငယ်ရှိပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် သောင်ထွန်းမှုများ ဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေး-မြင်းမူ-ညောင်ဦး ရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့် သင်္ဘောများအနေဖြင့် အထူးသတိပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

## တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ယခင်ဈေးကွက်ကောင်းစဉ်ကလို စိတ်ကြိုက်ခေါ်ဈေးရရှိခြင်းမျိုး မဟုတ်ဘဲ မူလခေါ်ဈေးထက် ဈေးလျှော့ရောင်းမှ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်တောင်းဆိုမှုအရ စိတ်ဝင်စားမှုအမြင့်ဆုံး၊ ဈေးနှုန်းအသင့်အတင့်နှင့် လူနေထိုင်မှုများပြားလာသော မြို့သစ်ရပ်ကွက်များ၊ ချမ်းမြသာစည်မြို့နယ်အရှေ့ခြမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်အရှေ့ခြမ်းရှိ ရပ်ကွက်များတွင် အများဆုံးဝယ်ယူကြပြီး ဈေးကွက်ပြန်လည်ဖြစ်နေကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များထံမှ သိရသည်။

အရောင်းအဝယ်ပြန်ဖြစ်နေသော်လည်း ငွေကျပ်သိန်းထောင်ကြီး၊ သောင်းကြီးပိုင်းများ အရောင်းအဝယ်ဖြစ်မှု နည်းပါးနေသေးပြီး ကြိုက်ရောင်းကြိုက်ဝယ်ပုံစံဖြင့် အများဆုံး လုပ်ကိုင်နေကြရကြောင်း၊ ယခုအခါ မန္တလေးဈေးကွက်အတွင်း ငွေကျပ်သိန်း ၁၅၀၀ အောက် မြေကွက်များ အရောင်းအဝယ်ဖြစ်မှုပိုများကြောင်း သိရသည်။

"ငွေကျပ်သိန်း ၁၅၀၀ အောက် မြေကွက်တွေ အရောင်းအဝယ်ပိုဖြစ်လာတယ်။ အများဆုံးကတော့ မြို့ပြင်ဘက်က ပိုပြီး အရောင်းအဝယ်အဖြစ်များနေတယ်။ ငွေကျပ် သိန်းထောင်ကြီးပိုင်းတွေလဲ ညှိနှိုင်းဈေးနဲ့အရောင်းအဝယ်ဖြစ်တာမျိုးတွေရှိလာတယ်။ အငှားဈေးကွက်ကတော့ ကျဆင်းသွားတာမျိုးမရှိသေးပါဘူး။ အိမ်ခြံမြေဈေးတွေ ကျရိပ်ပြနေခဲ့တဲ့ကာလတစ်လျှောက်လုံး အငှားဈေးကွက်က အသာစီးရနေခဲ့တာပါ"ဟု အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အချက်အချာကျသော အဓိကလမ်းမကြီးများ၊ လူစည်ကားရာ ရပ်ကွက်ကြီးတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်နေကြောင်း၊ ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ရန်၊ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာ အကျယ်အဝန်း လုံလောက်စွာရှိသောနေရာများ ပို၍အငှားဖြစ်နေကြောင်း သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ခုနစ်သောင်းမှ ငါးသိန်းခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် တစ်သိန်းငါးသောင်းခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

မြို့တွင်းပိုင်း၌ ၇၃ လမ်းမတန်း (လမ်း ၃၀ မှ မန္တလေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ)၊ ဆေးတက္ကသိုလ်အနီးဝန်းကျင် ရပ်ကွက်များ၊ မင်္ဂလာမန္တလေးအနီးဝန်းကျင် ရပ်ကွက်များ၊ ၆၂ လမ်းမတန်း (မနော်ဟရီလမ်းမှ ၁၉ လမ်း)၊ ၃၅ လမ်းမတန်း(၆၂ လမ်းမှ ၈၄ လမ်း)၊ လမ်း ၃၀ (၈၄ လမ်းမှ ၆၂ လမ်း)၊ ဘူတာကြီးအနီး တိုက်ခန်းများတွင် ငှားရမ်းလိုမှုအများဆုံးဖြစ်ကြောင်း၊ တိုက်ခန်းများကိုလည်း အရစ်ကျစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မှုများရှိလာပြီး ငွေကျပ်သိန်း ၁၀၀၀ အောက်တန်ဖိုးရှိ တိုက်ခန်းများ အရောင်းအဝယ်ဖြစ်နေကြောင်း၊ လူနေထိုင်ရန်အဆင်သင့်ဖြစ်သည့် တိုက်ခန်းများကို စိတ်ဝင်စားမှုပိုများလာကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုအေးထံမှ သိရသည်။

(၁၇၃)

## မန္တလေးဈေးကွက်တွင် မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၆၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးဈေးကွက်တွင် မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၆၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မတ်ပဲများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း မတ်ပဲများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မတ်ပဲတွေကို အခုလက်ရှိမှာ ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှု များလာတာကြောင့် အရင်ကထက် ဈေးကောင်းပြန်ရနေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်းက မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဒီဇင်ဘာ ၈ ရက်တွင် မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၆၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲကို မတ်ပဲအသစ်တွေ စတင်ဝင်ရောက်လာပါပြီ။ မန္တလေးဈေးကွက်ထဲမှာ မတ်ပဲအသစ်တွေ အရောင်းအဝယ်ကလဲ ပြန်ကောင်းလာတာကြောင့် ဈေးကောင်းရနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျွန်တော်နှင့် ပညာဘဏ်တိုက်

**ကိုယဉ်ချစ်(မန္တလေး)**

ကျောင်းသားအရွယ်က ကျောင်းစာတွေကိုသာ သင်ကြားဖတ်ရှုခဲ့တဲ့ ကျွန်တော်ဟာ အသက် ၂၀ အရွယ်မှာတော့ ရပ်ကွက်ထဲက လူကြီး၊ လူငယ်တွေ ဦးစီးဖွင့်တဲ့ ရောင်နီဦးစာကြည့်တိုက်ဆီကိုသွားပြီး စာဖတ်ဖြစ်ပါတယ်။

စာကြည့်တိုက်ဆိုပေမဲ့ ရပ်ကွက်ထဲက မူလတန်းကျောင်းမှာ ကျောင်းအုပ်ကြီးက ခွင့်ပြုပေးထားတဲ့ အခန်းလေးမှာ စာအုပ်ဗီရိုသုံးလုံးလောက်နဲ့ စာစောင်တွေ၊ ရုပ်ပြကာတွန်းစာအုပ်တွေ၊ ပုံပြင်စာအုပ်တွေ၊ ဝတ္ထုစာအုပ်တွေနဲ့ စပြီးဖွင့်ခဲ့တာပါ။ ဦးစီးဦးဆောင်ကြတဲ့ လူကြီးတွေက သူတို့အိမ်က စာအုပ်တွေကို ယူလာပြီး စခဲ့ကြပါတယ်။ နောက်တော့နီးစပ်ရာအလှူရှင်တွေ လာပြီး လှူကြတဲ့စာအုပ်တွေ ရလာတယ်။ ကော်မတီဖွဲ့ပြီး အသင်းဝင်ကြေး၊ လစဉ်ကြေးသတ်မှတ်ကောက်ခံလို့ ရလာတဲ့ရန်ပုံငွေနဲ့ စာအုပ်အသစ်တွေကိုထပ်ပြီးဖြည့်နိုင်ခဲ့ပါတယ်။

ပထမတော့ စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ စာအုပ်ငှား၊ စာဖတ်တာတွေလုပ်ပေမဲ့ နောက်တော့ စာအုပ်ငှားပေးတဲ့အလုပ်ကိုဝင်ပြီး ကူညီပေးခဲ့ပါတယ်။ စာကြည့်တိုက်ကပြုလုပ်တဲ့ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲတွေဝင်ပြိုင် ဆုတွေရတော့စာကြည့်တိုက်အပေါ် သံယောဇဉ်ဖြစ်လာပါတယ်။ စာကြည့်တိုက်ကအခြေခံပြီး လူငယ်တွေကို ကြက်ခြေနီသင်တန်း၊ အခြေခံမီးသတ်သင်တန်းတွေဖွင့်တော့လဲ သင်တန်းတွေတက်ပြီး အများအကျိုးပြုပရဟိတအလုပ်တွေလုပ်ဖြစ်ပါတယ်။

၁၉၉၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှာစတင်ဖွဲ့စည်းခဲ့တဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ အလုပ်ဝင်ရောက်တော့လဲ လုပ်ငန်းခွင်မှာစာကြည့်တိုက်လုပ်ငန်းကို တာဝန်ထမ်းဆောင်ခွင့်ရပါတယ်။ စတင်တာဝန်ထမ်းဆောင်တဲ့ ကျောက်ဆည်မြို့နယ်စု(ခရိုင်)၊ စဉ့်ကိုင်မြို့နယ်ရုံးကနေ မန္တလေးမြို့နယ်စု(ခရိုင်)ရုံးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ရုံးစာကြည့်တိုက်မှာ စာကြည့်တိုက်မှူးတာဝန်ကိုထမ်းဆောင်ရပါတယ်။ ၁၉၉၃ ခုနှစ်မှာ ပြန်ကြားရေးဝန်ကြီးဌာနကဖွင့်လှစ်တဲ့ အခြေခံစာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၂)ကို ရန်ကုန်မြို့မှာသုံးလကြာတက်ရောက်ရပါတယ်။ သင်တန်းမှာ စာကြည့်တိုက်ပညာရှင် ဆရာကြီး၊ ဆရာမကြီးတွေက ဘာသာရပ်တွေကို သင်ကြားပို့ချပေးကြပါတယ်။ အမျိုးသားစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ ရွှေတိဂုံစေတီတော် ပိဋကတ်စာကြည့်တိုက် စတဲ့စာကြည့်တိုက်ကြီးတွေကို သွားရောက်လေ့လာ၊ လက်တွေ့သင်ယူဆည်းပူးခွင့်ရခဲ့ပါတယ်။

သက်ဆိုင်ရာစာကြည့်တိုက်က စာကြည့်တိုက်ပညာရှင်ကြီးတွေ၊ စာကြည့်တိုက်မှူးတွေနဲ့ တာဝန်ရှိသူတွေက စေတနာထက်ထက်သန်သန်နဲ့ သင်ကြားပြသပေးကြလို့ အတွေ့အကြုံသစ်တွေ၊ စာကြည့်တိုက်ပညာရပ်တွေကို သင်ကြားခွင့်ရခဲ့ပါတယ်။

သင်တန်းမတက်ခင်က စာကြည့်တိုက်မှူး တစ်ယောက်ရဲ့တာဝန်က စာအုပ်စာရင်းရေးသွင်းရမယ်၊ စာအုပ်ငှားပေးရမယ်ဆိုတာလောက် ထင်ခဲ့ပေမဲ့ စာကြည့်တိုက်လုပ်ငန်းနဲ့ စာကြည့်တိုက်မှူး တစ်ယောက်ရဲ့တာဝန်တွေ ဘယ်လောက်ကြီးမားတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ရပါတယ်။ ဒီသင်တန်းဟာ တကယ်ထိရောက်ပြီး လုပ်ငန်းခွင်မှာ အများကြီးအထောက်အကူဖြစ်စေခဲ့ပါတယ်။ စာကြည့်တိုက်ပညာရှင် ဆရာကြီး၊ ဆရာမကြီးတွေကိုလဲ ယနေ့တိုင်အောင် ကျေးဇူးတင်နေဆဲပါ။

သင်တန်းဆင်းလာပြီး မူလတာဝန်တွေကို ထမ်းဆောင်ရတော့ စာကြည့်တိုက်မှူးတစ်ယောက်ဟာ စာကြည့်တိုက်အသုံးပြုသူတွေနဲ့ စာကြည့်တိုက်မှာ စုဆောင်းထားတဲ့စာအုပ်တွေကို ကြားနေဆက်သွယ်ပေးသူဖြစ်တာမို့ လုပ်ငန်းကျွမ်းကျင်မှုရှိအောင်ကြိုးစားရင်း တစ်ဖက်က သင်ယူလေ့လာမှုတွေလဲ အမြဲမပြတ်ဆောင်ရွက်ရမယ်ဆိုတာ နားလည်သဘောပေါက်လာပါတယ်။ တကယ်တော့ စာကြည့်တိုက်မှူးဆိုတာ အများပြည်သူအသိပညာတိုးပွားစေဖို့ ဝန်ဆောင်မှုပေးရတဲ့အလုပ်ကို လုပ်ပေးရတာဖြစ်လို့ ဂုဏ်လဲယူမိပါတယ်။

စာကြည့်တိုက်ကို ရောက်လာကြတဲ့ လူငယ်လူရွယ်တွေနဲ့ အခြားစာဖတ်သူတွေကို ဝန်ဆောင်မှုပေးတဲ့အခါမှာ သူတို့ဖတ်ချင်တဲ့ စာအုပ်စာစောင်တွေ ငှားပေးတာတစ်ခုတည်းမဟုတ်ဘဲ သူတို့ကိုဖတ်စေချင်တဲ့ စာအုပ်စာစောင်တွေကို ညွှန်ပြပေးရတယ်။ လူငယ်တွေဆိုရင် လူတန်းစားအမျိုးမျိုးကလာကြတာဖြစ်တဲ့အတွက် သူတို့အားနည်းချက်လူနေမှုပုံစံတွေကို ပြုပြင်

❖ စာကြည့်တိုက်ကို ရောက်လာကြတဲ့ လူငယ်လူရွယ်တွေနဲ့ အခြားစာဖတ်သူတွေကို ဝန်ဆောင်မှုပေးတဲ့အခါမှာ သူတို့ဖတ်ချင်တဲ့ စာအုပ်စာစောင်တွေ ငှားပေးတာတစ်ခုတည်းမဟုတ်ဘဲ သူတို့ကိုဖတ်စေချင်တဲ့ စာအုပ်စာစောင်တွေကို ညွှန်ပြပေးရတယ်။ လူငယ်တွေဆိုရင် လူတန်းစားအမျိုးမျိုးက လာကြတာဖြစ်တဲ့အတွက် သူတို့အားနည်းချက်လူနေမှုပုံစံတွေကို ပြုပြင်ပေးခွင့်ရတယ်။ သူတို့နဲ့ရင်းနှီးလာတော့ သူတို့တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းတွေ ပြောပြရတယ်။ သူတို့ကလဲ စာကြည့်တိုက်ကိုစိတ်ဝင်စားလာပြီး အချိန်ကို စာကြည့်တိုက်မှာ အကျိုးရှိရှိ အသုံးချလာကြတယ်။ ❖

ပေးခွင့်ရတယ်။ သူတို့နဲ့ရင်းနှီးလာတော့ သူတို့တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းတွေ ပြောပြရတယ်။ သူတို့ကလဲ စာကြည့်တိုက်ကိုစိတ်ဝင်စားလာပြီး အချိန်ကို စာကြည့်တိုက်မှာ အကျိုးရှိရှိအသုံးချလာကြတယ်။ စာကြည့်တိုက်မှာပျော်ရွှင်လာကြတယ်။

နေပြည်တော်မှာ တာဝန်ထမ်းဆောင်စဉ်က ရုံးပိတ်ရက်မို့ မြို့မဈေးကိုသွားတော့ လူငယ်တစ်ယောက်က နှုတ်ဆက်ပါတယ်။ သူ့ကိုကောင်းကောင်း မမှတ်မိပေမဲ့ ရင်းရင်းနှီးနှီးမြင်ဖူး၊ တွေ့ဖူးသလိုပါပဲ။ သူက မန္တလေးခရိုင်ရုံးမှာ စာအုပ်တွေလာငှား၊ စာလာဖတ်နေကျသူဆိုတာ သူကပြန်ပြောပြတော့မှ သူ့ကိုမှတ်မိသွားတယ်။ သူ့မှာအမြွှာညီလေးတစ်ယောက် ရှိသေးတယ်။ စာကြည့်တိုက်လာရင် ညီအစ်ကို နှစ်ယောက်လာကြတယ်။ ကိုးတန်းကျောင်းသားတွေ။ အခု သူက စီးပွားရေးတက္ကသိုလ်တွဲ့ရပြီး ကုမ္ပဏီတစ်ခုထောင်ထားကြောင်းနဲ့ သူညီက အင်ဂျင်နီယာဘွဲ့ရပြီး ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်နေကြောင်း၊ အဆင်ပြေပါကြောင်း ပြောပြပါတယ်။ သူတို့ ဒီလိုအခြေအနေရောက်လာတာ စာကြည့်တိုက်နဲ့ ဦးလေးကျေးဇူးကြောင့် ပါလို့ပြောတော့ ဦးလေးက ဘယ်လိုကျေးဇူးပြုဖူးတာလဲလို့မေးတဲ့အခါ-

ကျွန်တော်တို့ စာကြည့်တိုက်ကိုလာရင် အရင်က မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေကိုပဲ ငှားဖတ်ကြတာပါ။ နောက်တော့ ဦးလေးက ဘယ်စာအုပ်တွေဖတ်သင့်တယ်၊ ဘယ်လိုမှတ်သင့်တယ်ဆိုပြီး ပြောပြတော့တန်ဖိုးရှိတဲ့ စာအုပ်ကောင်းတွေကို ဖတ်ဖြစ်ကြတယ်။ ၁၀ တန်းမှာလဲ ကျွန်တော်ကော၊ ညီလေးကောနှစ်ချင်းပေါက် ဂုဏ်ထူးတွေနဲ့အောင်ကြတယ်။ ကျောင်းစာသာမက ပြင်ပဗဟုသုတတွေပါ အများကြီးရခဲ့ကြတာ။ စာဖတ်လို့ အသိပညာတွေတိုးပြီး အခုစီးပွားရေးတွေလုပ်နေတဲ့ အချိန်ထိ အကျိုးရှိနေပါတယ်။ ဒါကြောင့် ဦးလေးနဲ့ စာကြည့်တိုက်ကိုကျေးဇူးလဲတင်၊ အမြဲလဲ အမှတ်ရနေတာလို့ပြောပါတယ်။ သူတို့လေးတွေ လူချွန်လူကောင်းတွေဖြစ်ပြီး သူတို့ဘဝတွေ ကြီးပွားတိုးတက်အောင် စာကြည့်တိုက်ရဲ့တန်ဖိုးကကြီးလှပါလားလို့ တွေးမိရင်း ဝမ်းသာပီတိလေးဖြစ်ခဲ့ရပါတယ်။

စာကြည့်တိုက်မှူးတာဝန်ကနေ မြို့နယ်ဦးစီးမှူးတာဝန်၊ ခရိုင်ဦးစီးအရာရှိတာဝန်တွေ ထမ်းဆောင်ရတော့လဲ ရုံးစာကြည့်တိုက်တွေ တိုးတက်ရေးအပြင် အလှမ်းဝေးတဲ့ ရပ်ကွက်ကျေးရွာပြည်သူတွေ အသိပညာဗဟုသုတတွေရဖို့၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေဖွင့်ပေးဖို့ အခြေအနေမပေးသေးတဲ့ ဒေသတွေဆီ အရောက်သွားပြီး နယ်လှည့်စာကြည့်တိုက်တွေဖွင့်၊ စာဖတ်လို့ အကျိုးကျေးဇူးတွေရနိုင်တာကို အသိပညာပေးဟောပြောပွဲတွေလုပ်၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေမှာ စာဖတ်ပရိသတ်တွေတိုးပွားဖို့ စာငှားအများဆုံးဆုတွေပေး၊ စာဖတ်စွမ်းရည်တိုးတက်ဖို့ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာပေပြိုင်ပွဲနဲ့ စာပေဟောပြောပွဲတွေကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းလုပ်ပေးခဲ့ပါတယ်။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တချို့က အောင်မြင်မှုနည်းတာရှိသလို တချို့လဲ အီလက်ထရွန်နစ်စာကြည့်တိုက်အဆင့်တွေထိ တိုးတက်ခဲ့ပါတယ်။ တကယ်တော့ စာကြည့်တိုက်တစ်ခုဖွင့်နိုင်ဖို့က အပြောလွယ်သလောက်အလုပ်ခက်ပါတယ်။ စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့အောင်လုပ်ရတဲ့ အလုပ်က ပိုပြီးခက်ခဲပါတယ်။ စာကြည့်တိုက်တစ်ခုထူထောင်ဖို့ဆိုရင် စာကြည့်တိုက်မှူး၊ အဆောက်အအုံ၊ စာအုပ်စာတမ်းတွေ၊ ရန်ပုံငွေနဲ့စာငှားသူ၊ စာဖတ်သူ၊ စာဖတ်ပရိသတ်တွေ ပြည့်စုံဖို့လိုပါတယ်။ အဲဒီအချက်တွေနဲ့ပြည့်စုံပြီးရင် စာအုပ်စုဆောင်းတာ၊ မျိုးတူစုခွဲတာ၊ တိုက်ပိုင်စာရင်းသွင်းတာ၊ ကတ်တလောက်ပြုစုတာ၊ စာအုပ်စာစောင်တွေနဲ့ စာပေပစ္စည်းတွေ ထိန်းသိမ်းတာ၊ စာအုပ်စာစောင်တွေ ခင်းကျင်းပြသတာ၊ စာဖတ်ပရိသတ်တိုးပွားအောင်စည်းရုံးတာ၊ စာတတ်သူတိုင်းစာဖတ်တဲ့အလေ့အကျင့်တွေရအောင် ဆောင်ရွက်ပေးတာတွေအပြင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေ ရေရှည်တည်တံ့အောင် လိုအပ်ချက်တွေကိုလဲ ဖြည့်ဆည်းပေးခဲ့ရပါတယ်။

လူသားတိုင်းရဲ့ အတွေးအခေါ် အသိအမြင်မှန်ကန်ရေးဟာ လူ့ဘဝအတွက်အရေးကြီးပါတယ်။ စာပေဖတ်ရှုလေ့လာမှ အသိအမြင်တွေ ကျယ်ပြန့်လာမယ်။ အသိတွေမှန်ကန်မှ အကောင်းအဆိုးဝေဖန်ခွဲခြားတတ်ပြီး ရပ်ရွာနဲ့နိုင်ငံတော်ကောင်းကျိုးတွေကို အကျိုးရှိရှိ ဝိုင်းဝန်းဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်က သက်ကြီးစာပေပညာရှင်ကြီးတွေကန်တော့ပွဲမှာ ကန်တော့ခံစာပေပညာရှင်ဒေါက်တာ ခင်မောင်ညွန့်က "စာမတတ်သူပပျောက်ရေးတွေ လုပ်နေကြတာအပြင် စာမဖတ်သူပပျောက်ရေးလဲ လုပ်သင့်ကြောင်း" ပြောကြားသွားတာ မှတ်သားမိပါတယ်။

ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေမှာ စာကြည့်တိုက်တွေကို အလေးထားဖွင့်လှစ်ထားကြသလို ထင်ပေါ်ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ စာပေဖတ်ရှုလေ့လာမှုကောင်းကြတယ်ဆိုတာ သိနိုင်ပါတယ်။ မျက်မှောက်နိုင်ငံတော်အနေနဲ့လဲ စာကြည့်တိုက်တွေ အရည်အသွေးမြင့်တင်ဖို့၊ စာကြည့်တိုက်တွေ တိုးပွားလာစေဖို့ အားပေးဆောင်ရွက်နေတာကို မြင်တွေ့နေရပါတယ်။

လူငယ်လူရွယ်တွေဟာလဲ ကျောင်းစာတွေ ဘယ်လောက်ထူးချွန်ကြပါစေ အသိအမြင်တွေကျယ်ပြန့်မှ၊ ပြင်ပအတွေ့အကြုံ့ဗဟုသုတတွေ ပြည့်စုံမှသာ ဘဝမှာ အရည်အချင်းကောင်းတွေ ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ရပ်မှာ ဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့၊ အောင်မြင်မှုတွေရနိုင်ဖို့ လူသားတွေရဲ့အတွေးအခေါ်၊ အမြော်အမြင်၊ ဗဟုသုတနဲ့ ရည်ရွယ်ချက်တွေ ကောင်းမွန်မှုက အဓိကကျပါတယ်။ ဒီအချက်တွေ ပိုင်ဆိုင်ချင်ရင်တော့ စာပေဖတ်ရှုလေ့လာတာကသာ အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးရေးက အရေးကြီးပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ အဲဒီနိုင်ငံရဲ့ သဘာဝသယံဇာတတွေဟာ အရေးပါသလို လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးကလဲ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူတွေက အားကိုးအားထားပြုနိုင်တဲ့စာကြည့်တိုက်တွေ ပေါ်ထွန်းလာရေးလုပ်ငန်းတွေကို ပြည်သူအပေါင်းက ဝိုင်းဝန်းကြိုးပမ်းကြဖို့ အထူးလိုအပ်ပါတယ်။ စာကြည့်တိုက်တွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ နိုင်ငံတော်က ဦးဆောင်လုပ်ကိုင်ပေးနေတာမှန်ပေမဲ့ ထိရောက်ကျယ်ပြန့်လာအောင်ကတော့ ပြည်သူတွေက အားတက်သရော ပူးပေါင်းပါဝင်ကြမှ ပိုပြီး အောင်မြင်နိုင်ပါမယ်။

မျက်မှောက်ခေတ်မှာ Print Media ခေါ်တဲ့ စာအုပ်စာစောင်တွေနေရာမှာ Electronic Media ခေါ်တဲ့ နည်းပညာသုံးလူထုဆက်သွယ်ရေးပစ္စည်းတွေက အစားထိုးနေရာယူလာကြပါတယ်။ တိုးတက်လာမှုနဲ့အတူ ကောင်းကျိုးတွေရှိသလို လူငယ်ထုအတွင်းမှာ စိတ်ဓာတ်ရေးရာယိမ်းယိုင်သွားစေတဲ့ ဆိုးကျိုးတွေလဲ ရှိနေတာကို သတိမူကြရမှာဖြစ်ပါတယ်။

တိုးတက်လာတဲ့ လူမှုကွန်ရက်နည်းပညာတွေမှာ အကျိုးရှိမဲ့ အသိပညာတွေရှာ၊ အတွေ့အကြုံတွေရှာဖွေလေ့လာကြရမဲ့အစား စာရိတ္တတွေကိုယိမ်းယိုင်စေတဲ့ဆိုးကျိုးတွေရှိလာပါတယ်။ ကမ္ဘာပေါ်မှာ ကိုယ်ပိုင်ရပ်တည်ခဲ့တဲ့စာပေ၊ ယဉ်ကျေးမှုတွေ မှေးမှိန်သွားပြီး တိုင်းတစ်ပါးအထင်ကြီးစိတ်၊ ကိုယ်ပိုင်အသိနဲ့ စဉ်းစားချင့်ချိန်တွေးခေါ်နိုင်တဲ့ အရည်အချင်းနိမ့်ကျပြီး အမှန်အမှားမခွဲခြားနိုင်စိတ်တွေက ဖုံးလွှမ်းလာတာကိုလဲ တွေ့မြင်နေရပါတယ်။ ဒီအချက်ကိုချက်ချင်းပြုပြင်ဖို့ခက်ခဲပါတယ်။ ကုစားနိုင်မဲ့နည်းလမ်းကတော့ လူငယ်တွေအပါအဝင် ပြည်သူတစ်ရပ်လုံးက မိမိအပါအဝင် ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကို စာဖတ်ကြဖို့၊ စာဖတ်တဲ့အလေ့အကျင့်တွေရဖို့၊ စာကြည့်တိုက်တွေထူထောင်ကြဖို့နဲ့ ထူထောင်ပြီးသားစာကြည့်တိုက်တွေရှင်သန်ခိုင်မာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း ရေးသားလိုက်ရပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၇၉၉၉ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၇၉၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲမျိုးစုံ ၄၁၁၀၂ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၃၇၉၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ပဲမျိုးစုံ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခုလက်ရှိအချိန်ထိ ပဲမျိုးစုံဧက ၃၀၀၀၀ ကျော် စိုက်ပြီးပါပြီ။ ရာခိုင်နှုန်းအနေနဲ့ ၉၂ ရာခိုင်နှုန်းလောက်စိုက်ပြီးပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းနေပါတယ်”ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၈၅၂ ဧက၊ ပဲတီစိမ်း ၁၄၅၂ ဧက၊ စားတော်ပဲ ၉၅၁ ဧက၊ စွန်တာပြာ ၁၂၇၄၆ ဧက၊ ကုလားပဲ ၁၅၂၄၄ ဧက၊ ပဲလွန်း ၅၉၈ ဧက၊ ပဲကြီး ၅၅၇၆ ဧက၊ အခြားပဲ ဧက ၅၈၀ စုစုပေါင်း ပဲမျိုးစုံ ၃၇၉၉၉ ဧက တို့ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# ကလောမြို့နယ် နန်းအွမ်ကျေးရွာ၌ ရေမီတာတပ်ဆင်ခြင်းပြီးစီးမှု စစ်ဆေး

**ကလော ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြင်းမထိကျေးရွာအုပ်စု နန်းအွမ်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာ တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း ၊ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ကလောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးဒေါ်ဝင်းခိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက နန်းအွမ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အရှည်ပေ ၉၂၀၀ ရှိ အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရေမီတာတပ်ဆင်အသုံးပြုနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

နန်းအွမ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းကို ပြည်နယ်(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၇၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဇူလိုင်လ ပထမပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၁၆ အိမ်မှ လူ ၅၆၅ ဦးအတွက် အိမ်တိုင်ရာရောက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိပြီဖြစ်ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဝင်းခိုင်က ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# တံခါးဖွင့်ထားတယ်

- ငြိမ်းချမ်းဆို တံခါးသစ်
ဖွင့်လှစ်ပြီး ကြိုကာနေ၊
နိုင်ငံကို စိုပြည်လန်း
ကျန်းမာဖို့လေ၊
နောင်ညီတို့ တိုင်းရင်းဆွေ
အန်စီအေ သည်မှာလမ်း၊
ဘယ်သူမဆို မကျန်ရစ်အောင်
ထွန်းသစ်ရှေ့လှမ်း။

- ငြိမ်းချမ်းဆို ထိုစခန်း
လှမ်းခွင့်က ကြုံနေပြီ၊
တို့အတူ ဘယ်မကွဲ
သွေးလည်းညီညီ၊
လှမ်းကြလို့ ရှေးကိုရည်
တို့ပြည်ထောင် သာစေဖို့၊
ညီနောင်တွေ လက်စုံတွဲ
ခိုင်မြဲပါလို့။

- ငြိမ်းချမ်းဆို ထိုသည်လမ်း
ပန်းခင်းတဲ့ လမ်းပါကွယ်၊
ဘယ်သူမဆို ပန်းခင်းလမ်း
လှမ်းစေချင်တယ်၊
ချစ်ခြင်းတို့ ရင်မှာကြွယ်
ပန်းတွေရယ် ပွင့်စေဖို့၊
နေခြည်မှာ ရွှေရည်တင့်
လန်းစွင့်စေလို့။

- ငြိမ်းချမ်းဆို သည်ခရီး
နီးလျက်ပဲ ရှိနေသည်၊
မသွားလျှင် ခရီးမပေါက်
မရောက်ချေပြီ၊
တို့သွားဖို့ ချိန်တန်ပြီ
နောင်ညီတွေ ချိန်မချို့၊
တို့လမ်းဆီ တို့ချီလှမ်း
ပန်းရောက်ပြီမို့။

- ငြိမ်းချမ်းဆို သည်ပန်းပွင့်
ပန်ဆင်တင့် တို့ပြည်သူ၊
အသွေးတူ အဆင်ကြွ
လှပတစ်မူ၊
သည်တစ်ခါဖြင့် အလှတွေထူ
ချူပါလှည့် သည်ပန်းငုံ၊
ချိန်အခါ အလွမ်းသင့်မို့
မဖင့်ကြနဲ့။

- တံခါးကို ဖွင့်ထားလို့
ကြိုးပါစို့ တို့ညီကို၊
အတူတူ ရှေးကပဲ
တစ်သားတည်းဆို၊
ငြိမ်းချမ်းစို့ တို့ပြည်ကို
စိုပါစေ့ သည်ခါမိုး၊
တို့ပြည်ကို လွှမ်းကာဆမ်းမဲ့
ဖျန်းပါ့သည်မိုး။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## ဂူဂျာရတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ၌ ဘာရာတီယာဂျနေတာပါတီ အနိုင်ရ

**ဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီ၏ ဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ)သည် ဂူဂျာရတ်ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲများ၌ အနိုင်ရရှိထားကြောင်း အေပီ သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် ရေတွက်ဆဲမဲရလဒ်များအပါ ဘီဂျေပီပါတီသည် ဂူဂျာရတ်ပြည်နယ် လွှတ်တော်၏ အမတ်နေရာ ၁၈၂ နေရာအနက် ၁၄၂ နေရာ ရရှိထားကြောင်း သိရသည်။

အဆိုပါ မဲရလဒ်အရ ဘီဂျေပီ ပါတီသည် ဂူဂျာရတ်ပြည်နယ် လွှတ်တော်ကို ၂၇ နှစ်ကြာ ထိန်းချုပ်ထားနိုင်စွမ်းကို ဆက်လက်ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာရာတီယာဂျနေတာပါတီသည် ၁၉၉၅ ခုနှစ်မှစ၍ ဂူဂျာရတ်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲများ၌ ရှုံးနိမ့်ခဲ့ဖူးခြင်း မရှိကြောင်း သိရသည်။

သို့သော်လည်း ဘာရာတီယာဂျနေတာပါတီသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ဟီမာချယ်လ်ပရာဒေ့ရှ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင်မူ ရှုံးနိမ့်ခဲ့ရသည်။

ဟီမာချယ်လ်ပရာဒေ့ရှ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာ ၆၈ နေရာအနက် ၃၉ နေရာကို ကွန်ဂရက်ပါတီက ရရှိထားပြီး ဘီဂျေပီပါတီအနေဖြင့် ၃၉ နေရာသာ ရရှိထားကြောင်း အိန္ဒိယရွေးကောက်ပွဲကော်မရှင်က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

KKO



## တရုတ်နှင့်ဆော်ဒီအာရေဗျတို့ မဟာဗျူဟာသဘောတူညီချက်များ လက်မှတ်ရေးထိုး



**ရီယာ့ဒ် ဒီဇင်ဘာ ၉**

ဆော်ဒီအာရေဗျနိုင်ငံသို့ တရုတ်သမ္မတရှီကျင့်ဖျင် ရောက်ရှိနေချိန် ဒီဇင်ဘာ ၈ ရက်တွင် တရုတ်နှင့် ဆော်ဒီအာရေဗျ နိုင်ငံတို့သည် မဟာဗျူဟာ သဘောတူညီချက်များ လက်မှတ်ရေးထိုး ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်-အာရပ်နိုင်ငံများ ထိပ်သီး ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေး လက်ရှိ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးရန် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ ဒီဇင်ဘာ ၇ ရက်တွင် စတင်ရောက်ရှိခဲ့သည်။

ဒီဇင်ဘာ ၈ ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရီယာ့ဒ်မြို့ ဆော်ဒီဘုရင့်နန်းတော်၌ ဆော်ဒီဘုရင် ဆယ်လ်မန်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာ မိတ်ဖက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် သမ္မတရှီကျင့်ဖျင်သည် ဆော်ဒီအာရေဗျနိုင်ငံကို လက်တွေ့ဦးဆောင်နေသော ဆော်ဒီအိမ်ရှေ့မင်းသား မိုဟမ်မက်ဆယ်လ်မန်နှင့်လည်း ဒီဇင်ဘာ ၈ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆော်ဒီအပါအဝင် ပင်လယ်ကွေ့အာရပ်နိုင်ငံများသည် တရုတ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို အဓိက ဖြည့်ဆည်းပေးနေသောနိုင်ငံများဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည်လည်း ပင်လယ်ကွေ့အာရပ်နိုင်ငံများ၏ အဓိက ကုန်သွယ်ဘက်နိုင်ငံဖြစ်သည်။

သမ္မတရှီကျင့်ဖျင်၏ ဆော်ဒီခရီးစဉ်အတွင်း တရုတ်နှင့်ဆော်ဒီအာရေဗျတို့ရယူခဲ့ကြသော သဘောတူညီချက်များထဲတွင် ဟွာဝေး နည်းပညာကုမ္ပဏီနှင့်ရယူခဲ့သည့် မဟာဗျူဟာ သဘောတူညီချက် တစ်ရပ်လည်း ပါဝင်ကြောင်း သိရသည်။

KKO

## ဂျပန်နိုင်ငံက ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်ကို ယန်းငွေ တစ်ထရီလီယံထိ ထပ်တိုးရန်စီစဉ်

**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်အစိုးရသည် လာမည့် ၂၀၂၃ ဘဏ္ဍာနှစ်၏ ကာကွယ်ရေးအသုံးစရိတ်ကို ယန်းငွေ တစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၄ ဘီလီယံ) ထပ်တိုးရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်အစိုးရ၏ ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်ရေးအစီအစဉ်အရ ၂၀၂၃ ဘဏ္ဍာနှစ်၏ ကာကွယ်ရေးအသုံးစရိတ်သည် ယန်းငွေ ၆ ဒသမ ၅ ထရီလီယံထိ ရှိလာမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ကာကွယ်စွမ်းရည်မြှင့်တင်တည်ဆောက်ရေး ငါးနှစ်စီမံကိန်းအတွက် ယန်းငွေ ၄၃ ထရီလီယံ သုံးစွဲမည်ဖြစ်ရာ အဆိုပါ အစီအစဉ်တွင်၂၀၂၃ ဘဏ္ဍာနှစ် ကာကွယ်ရေး အသုံးစရိတ်မြှင့်တင်မှုလဲ ပါဝင်သည်။

ဂျပန်နိုင်ငံ၏ လက်ရှိဘဏ္ဍာနှစ် ကာကွယ်ရေးအသုံးစရိတ်မှာ ၅ ဒသမ ၄ ထရီလီယံ ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ ဒေသတွင်း စစ်ရေးသြဇာမြင့်တက်လာမှုပြဿနာနှင့်မြောက်ကိုရီးယား ခြိမ်းခြောက်မှု ပြဿနာများကို ရင်ဆိုင်ရေးအတွက် နှစ်စဉ် ကာကွယ်ရေး အသုံးစရိတ်များကို မြှင့်တင်လျက်ရှိသည်။

လာမည့်ငါးနှစ်အတွင်း ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို စုစုပေါင်း ပြည်တွင်းစီးပွားရေးထုတ်လုပ်မှု နှစ်စဉ်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းထိ သုံးစွဲမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဖူမီအိုကီရှီဒါက ကြေညာထားသည်။

KKO



## ရုရှားနှင့်အမေရိကန်နိုင်ငံတို့ နှစ်နိုင်ငံ အကျဉ်းသား လဲလှယ်မှုပြုလုပ်

**မော်စကို ဒီဇင်ဘာ ၉**

ရုရှားနှင့်အမေရိကန်နိုင်ငံတို့ အကြား ပြုလုပ်ခဲ့သည့် အကျဉ်းသားအပြန်အလှန်လဲလှယ်မှု အစီအစဉ်အရ အမေရိကန်အမျိုးသမီး ဘက်စကတ်ဘောအားကစားသမား ဘရစ်တနီဂရင်နာသည် ဒီဇင်ဘာ ၈ ရက်တွင် လွတ်မြောက်ခဲ့ပြီး အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အကျဉ်းသားချင်းဖလှယ်ရေး အစီအစဉ်အရ ဘရစ်တနီဂရင်နာ ပြန်လည်လွတ်မြောက်ရေးအတွက် အမေရိကန် အစိုးရအနေဖြင့် ရုရှားလက်နက်ကုန်သည် ဗစ်တာဘောက်စ်ကို ပြန်လွှတ်ပေးခဲ့ရသည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ နှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာနေသော်လည်း ရုရှားနှင့်အမေရိကန်နိုင်ငံတို့သည် အချိန်ယူညှိနှိုင်းဆွေးနွေးပြီးနောက် ဒီဇင်ဘာ ၈ ရက်တွင် အကျဉ်းသားအပြန်အလှန်လဲလှယ်မှုကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းသား အပြန်အလှန်လဲလှယ်မှုအစီအစဉ်အရ ရုရှားလက်နက်ကုန်သည်ဗစ်တာဘောက်စ် ပြန်လည်လွတ်မြောက်မှုကို သမ္မတပူတင်၏ အောင်မြင်မှုတစ်ရပ်အဖြစ် ရုရှားနိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် ဘက်စကတ်ဘောအားကစားမယ် ဂရင်နာသည် ယူကရိန်းစစ်ရေးပဋိပက္ခမဖြစ်ပွားမီ ရက်သတ္တပတ်အလိုတွင် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှုဖြင့် မော်စကိုလေဆိပ်၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဗစ်တာဘောက်စ်နှင့် ဂရင်နာတို့ကို အာရပ်ဆော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံ အဘူဒါဘီလေဆိပ်၌ လဲလှယ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ရုရှား၌ ဈေးဝယ်ကုန်တိုက်အဆောက်အအုံ မီးလောင်မှုဖြစ်ပွား



**မော်စကို ဒီဇင်ဘာ ၉**

မော်စကိုမြို့တော်အနီးတည်ရှိသည့် အကြီးဆုံးဈေးဝယ်ကုန်တိုက်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကုန်တိုက်အဆောက်အအုံတစ်ခု ယနေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မီးလောင်နေစဉ်အတွင်း ကုန်တိုက်အဆောက်အအုံ၏တစ်စိတ်တစ်ပိုင်းပြိုကျခဲ့ရာ မီးငြိမ်းသတ်ရေးလုပ်ငန်းများအတွက် အခက်အခဲများရှိခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စတုရန်းမီတာ ၇၀၀၀ ခန့်ရှိသည့် မြေနေရာပေါ်တွင် တည်ဆောက်ထားသော ကုန်တိုက်အဆောက်အအုံမီးလောင်မှုကြောင့် လူတစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

မီဂါအမည်ရှိ အဆိုပါ ဈေးဝယ်ကုန်တိုက်မီးလောင်မှုကို ရုရှားအစိုးရရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးကော်မတီက စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

အဆိုပါ မီဂါဈေးဝယ်ကုန်တိုက်အဆောက်အအုံသည် မော်စကိုဒေသကြီးအတွင်း စီကီအမည်ရှိမြို့၌ တည်ရှိသည်။

မီဂါ ဈေးဝယ်ကုန်တိုက်အဆောက်အအုံသည် ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခမစတင်မီက အနောက်အုပ်စုနိုင်ငံများမှ လက်လီကုမ္ပဏီများ အခြေစိုက်ရာနေရာတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## သက်တမ်းကျော်လွန်နေသော်လည်း စူးစမ်းလေ့လာရေးလုပ်ငန်း ဆက်လုပ်နိုင်ဆဲဖြစ်သော လေထုလွှာလေ့လာရေးဂြိုဟ်တုတစ်စင်းနှင့် နာဆာ အဆက်အသွယ်ပြတ်တောက်



**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် သတ်မှတ်မစ်ရှင်သက်တမ်းထက် ကျော်လွန်နေပြီဖြစ်သော်လည်း စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆက်လုပ်နိုင်ဆဲဖြစ်သည့် လေထုလွှာလေ့လာရေးဂြိုဟ်တု တစ်စင်းနှင့် အဆက်အသွယ် ပြတ်တောက်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားကြောင်း သိရသည်။

အိုင်ကွန်(ICON) အမည်ရှိ အဆိုပါဂြိုဟ်တုနှင့် နာဆာမြေပြင်စခန်းတို့ကြား အဆက်အသွယ်မှာ နိုဝင်ဘာ ၂၅ ရက်မှစ၍ ပြတ်တောက်နေကြောင်း နာဆာအဖွဲ့က ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် နာဆာကျွမ်းကျင်သူများသည် အဆိုပါဂြိုဟ်တုနှင့် အဆက်အသွယ်ပြန်ရရေးအတွက် ကြိုးစားနေဆဲဖြစ်သည်။

နာဆာအဖွဲ့သည် ကမ္ဘာမြေ၏ အိုင်ယွန်နိုစဖီးယား လေထုလွှာကို လေ့လာရေးအတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလက အိုင်ကွန်ဂြိုဟ်တုကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အိုင်ယွန်နိုစဖီးယားလေထုလွှာသည် ကမ္ဘာမြေပြင်အထက် မိုင် ၅၀ မှ မိုင် ၄၀၀ ထိ ဖြန့်ကြက်တည်ရှိသော လေထုလွှာဖြစ်သည်။

အိုင်ကွန်ဂြိုဟ်တု၏ မစ်ရှင်သက်တမ်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက ကုန်ဆုံးမည်ဖြစ်သော်လည်း နာဆာအဖွဲ့က မစ်ရှင်သက်တမ်းတိုးထားကြောင်း သိရသည်။

KKO

## နှစ်သန်း ၁၀၀ သက်တမ်းရှိ ကမ္ဘာဦးရေနေတွားသွားသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းအပြည့်အစုံ ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ရှာဖွေတွေ့ရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၉**

သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၁၀၀ ရှိ ပလီစီယိုဆောရပ် (Plesiosaurus) ခေါ် ကမ္ဘာဦးရေနေ တွားသွားသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းအပြည့်အစုံကို ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ပလီစီယိုဆောရပ် ကျောက်ဖြစ်ရုပ်ကြွင်းကို ဩစတြေးလျ အပျော်တမ်းကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းကျောက်ဖြစ်ရုပ်ကြွင်းသည် ဩစတြေးလျနိုင်ငံအတွက် ပထမဆုံး ပလီစီယိုဆောရပ်ကျောက်ဖြစ်ရုပ်ကြွင်းအပြည့်အစုံဖြစ်ကြောင်း ကွင်းစလန်း သဘာဝသမိုင်းပြတိုက်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါ ပလီစီယိုဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းကို Elasmo-saurus ဟူ၍ ဩစတြေးလျသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Elasmosaurus များသည် ပြီးခဲ့သောနှစ်ပေါင်း သန်း ၁၄၀ နှင့် ၁၀၀ ကြားကာလအတွင်း ဩစတြေးလျ ကုန်းတွင်းပိုင်းနေရာအတော်များများကို ဖုံးလွှမ်းထားသော အာရှီမင်ဂါအမည်ရှိပင်လယ်ပြင်အတွင်း ရှင်သန်ခဲ့ကြသည့် လည်ပင်းရှည်ကမ္ဘာဦးသတ္တဝါများဖြစ်ကြကြောင်း သိရသည်။

ပလီစီယိုဆောရပ်စ် မျိုးစိတ် ၁၀၀ ကျော်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကမ္ဘာတစ်ဝန်း၌လက်ရှိအချိန်ထိ တူးဖော်တွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။ KKO

## နှစ်ပေါင်းနှစ်သန်းသက်တမ်းရှိ မျိုးဗီဇအခြေခံမော်လီကျူး အင်္ဂလန်နိုင်ငံ ဂရင်းလန်းကျွန်းမြောက်ပိုင်း၌ ပထမဆုံးအကြိမ်ရှာဖွေတွေ့ရှိ

**လန်ဒန် ဒီဇင်ဘာ ၉**

သက်တမ်းအားဖြင့် နှစ်ပေါင်းနှစ်သန်းရှိသည့် မျိုးဗီဇအခြေခံမော်လီကျူး(ဒီအင်န်အေ)များကို အင်္ဂလန်နိုင်ငံ ဂရင်းလန်းကျွန်းမြောက်ပိုင်း၌ သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ မျိုးဗီဇအခြေခံမော်လီကျူးများကို ဂရင်းလန်းကျွန်းမြောက်ပိုင်း၌ ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရေခဲခေတ် အနည်ကျမြေလွှာအတွင်း တွေ့ရှိရသော အဆိုပါ မျိုးဗီဇအခြေခံ မော်လီကျူးများသည် သက်တမ်းအားဖြင့် နှစ်ပေါင်းနှစ်သန်းထိရှိရာ ရှာဖွေတွေ့ရှိဖူးသမျှ မျိုးဗီဇအခြေခံမော်လီကျူးများအနက် ရှေးအကျဆုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါမျိုးဗီဇအခြေခံ မော်လီကျူးများကိုအသုံးပြု၍ သမိုင်းမတင်မီကာလ ရေခဲခေတ်ဂေဟစနစ်ဖွဲ့စည်းပုံကို ဖော်ထုတ်နိုင်ရန် သိပ္ပံပညာရှင်များက ရည်ရွယ်ထားသည်။

ဗြိတိန် သိပ္ပံပညာရှင်များဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်များသည် အသုံးချနိုင်သည့် အထက်ပါမျိုးဗီဇအခြေခံ မော်လီကျူး ၄၁ မျိုးကို ထု မီတာ ၁၀၀ ရှိသည့် ကိုဘင်ဟက်အမည်ရှိ အနည်ကျမြေလွှာအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များ ယခင်တွေ့ရှိခဲ့ဖူးသော ရှေးအကျဆုံးသမိုင်းမတင်မီခေတ် မျိုးဗီဇအခြေခံ မော်လီကျူးမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း တစ်သန်းမျှသာရှိကြောင်း သိရသည်။

KKO

# HEALTH

## ကိုလက်စထရောလျှော့ချရေး စတာတင်ဆေးက ဦးနှောက်သွေးယိုလေဖြတ်မှုကိုပါ လျှော့ချပေးနိုင်

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၉**

ကိုလက်စထရောလျှော့ချရေးဆေးဖြစ်သည့် စတာတင်(Statin) ဆေးသည် သွေးကြောပိတ်မှုကြောင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ရုံသာမက ဦးနှောက်သွေးယို လေဖြတ်မှု (Bleeding Stroke) ဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း ယူပီအိုင်သတင်းဌာနက ဒီဇင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

ယခင်ပြုလုပ်ခဲ့ဖူးသော လေ့လာချက်များအရ စတာတင်ဆေးများသည် ဦးနှောက်သွေးကြောသွေးခဲပိတ်မှုကြောင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရှိထားခဲ့ကြပြီးဖြစ်သည်။

သို့ရာတွင် ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စတာတင်ဆေးသည် ဦးနှောက်သွေးယိုမှုကြောင့် လေဖြတ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း၊ ဒိန်းမတ်သုတေသနပညာရှင်များသည် အသက် ၅၅ နှစ်အထက် လူပေါင်း ၈၈၀၀၀ တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ စတာတင်ဆေးသုံးစွဲမှုသည် ဦးနှောက်သွေးယိုမှုကြောင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ပြီး ဆေးသုံးစွဲမှုကာလ ပိုကြာလေလေ လေဖြတ်နိုင်ခြေကို ပိုမိုလျှော့ချပေးနိုင်လေလေဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများစားပြီး လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဆေးလိပ်မသောက်ခြင်းများကဲ့သို့ပင် စတာတင်ဆေးသည် သွေးကြောများအတွင်း အဆီပါဝင်မှုကို လျှော့ချပေးခြင်းဖြင့် လေဖြတ်မှုများကို ကာကွယ်ရာတွင် အထောက်အကူပေးနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO

## ဗီတာမင်-ဒီအဆင့်မြင့်မားသူများ Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက်သုံးဆပိုနည်းပါး

**နယူးယောက် ဒီဇင်ဘာ ၉**

ဗီတာမင်-ဒီ အဆင့်မြင့်မားသူများသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ပုံမှန်ထက်သုံးဆ ပိုနည်းပါးကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ရပ်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၂၉၀ တို့၏ ဦးနှောက်တစ်ရှူး နမူနာများကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသော ရလဒ်များအရ ဦးနှောက်အတွင်း ဗီတာမင်-ဒီ ပါဝင်မှုအဆင့်မြင့်မားသူများသည် Dementia ရောဂါ ဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်းကြား ပိုနည်းပါးကြောင်း သိရသည်။

သို့ရာတွင် ဦးနှောက်အတွင်း ဗီတာမင်-ဒီ ပါဝင်မှုအဆင့်သည် Dementia ရောဂါ၏ ရုပ်ပိုင်းဆိုင်ရာလက္ခဏာများဖြစ်သော ပရိုတင်းစုစည်းမှုများနှင့် ပတ်သက်မှုမရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗီတာမင်-ဒီ၏ ဦးနှောက်လုပ်ငန်းလည်ပတ်မှုအပေါ် အကျိုးသက်ရောက်ပုံကို တိတိကျကျမသိရသေးသော်လည်း ဗီတာမင်-ဒီ အဆင့်နှင့် Dementia ရောဂါတို့ကြားတွင် အပြန်အလှန်ဆက်စပ်မှုရှိနေပုံရသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂိုးသမားဆိုမာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် မန်ယူအသင်းကြိုးပမ်း

**လန်ဒန် ဒီဇင်ဘာ ၉**

မန်ယူအသင်းသည် အသင်းမှ ထွက်ခွာဖွယ်ရှိသည့် ဂိုးသမားဒီဂီယာ နေရာတွင် အစားထိုးနိုင်ရန်အတွက် ဂလာဘတ်အသင်း ဂိုးသမားဆိုမာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဂိုးသမားဆိုမာသည် ဂလာဘတ်အသင်းနှင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် မန်ယူအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူနိုင်ရန် လာမည့် ဇန်နဝါရီ ၁ ရက်မှစ၍ ကစားသမား၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုပြုလုပ်မည်ဟု ပြောကြားခဲ့သည်။

လက်ရှိ မန်ယူအသင်းတွင် နယူးကာဆယ်အသင်းမှ အငှားခေါ်ယူထားသည့် ဂိုးသမားဒူဘရာဘာသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး နော်တင်ဟမ်ဖော်ရက်အသင်းသို့ အငှားချထားသည့် ဂိုးသမားဟန်ဒါဆန်အနေဖြင့် အသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်သော်လည်း ဦးစားပေးဂိုးသမား ဒီဂီယာမှာ အသင်းအတွက် ဆက်ရှိရန် မသေချာသောကြောင့် နည်းပြတန်ဟတ်က ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွစ်ဇာလန်အသင်းကို ၁၆ သင်းရှုံးထွက်အဆင့်သို့ ရောက်ရှိအောင် ပံ့ပိုးဆောင်ပေးခဲ့သည့် ဂိုးသမား ဆိုမာကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ဂိုးသမားဆိုမာသည် ၎င်း၏ကစားသမားဘဝကို ၂၀၀၆ ခုနှစ်တွင် ဘေဆယ်အသင်းနှင့်စတင်ခဲ့ပြီးနောက် အငှားစာချုပ်ဖြင့် အချိန်ကုန်ခဲ့ရကာ ၂၀၁၄ ခုနှစ်တွင် ဂလာဘတ်အသင်းသို့ ရောက်ရှိခဲ့ရာ ပြိုင်ပွဲစုံ ၃၃၅ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ပင်နယ်တီကာကွယ်မှု နှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ ML



# စပိန်အသင်းက နည်းပြအင်းနရစ်နေရာတွင် ယူ-၂၁ အသင်းနည်းပြ ဒီလာဖူအန်တီကို အစားထိုးခန့်အပ်



**မက်ဒရစ် ဒီဇင်ဘာ ၉**

ကမ္ဘာ့ဖလား ၁၆ သင်းရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် စပိန်အသင်းနှင့်နည်းပြ အင်းနရစ်တို့ နှစ်ဖက်သဘောတူလမ်းခွဲခဲ့ကာ ၎င်း၏နေရာတွင် စပိန်ယူ-၂၁ အသင်းနည်းပြ ဒီလာဖူအန်တီနှင့်အစားထိုး ခန့်အပ်ခဲ့သည်ဟု စပိန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ဘောလုံး အဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်လင့်ထားသော်လည်း အသင်းအနေဖြင့် ၁၆ သင်းရှုံးထွက်အဆင့်တွင် မော်ရိုကိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်၍ ထွက်ခွာခဲ့ရသောကြောင့် နည်းပြ အင်းနရစ်နှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ကာ ယူ-၂၁ လက်ရွေးစင်အသင်းနည်းပြ ဒီလာဖူအန်တီကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၆၁ နှစ်ရှိ ဒီလာဖူအန်တီသည် စပိန်ဘောလုံးအဖွဲ့ချုပ်နှင့် ၂၀၁၃ ခုနှစ်ကတည်းကလက်တွဲခဲ့သူဖြစ်ပြီး ယူ-၁၅ အသင်းကို စတင်ကိုင်တွယ်ခဲ့ရာ လက်ရှိအသင်းကြီးတွင် ပါဝင်ကစားနေသည့် အဆန်စီယို၊ ဂါဗီယာ၊ ပါအူတောရက်စ်၊ ကားလိုစ်ဆိုလာ၊ အိုလ်မို၊ အူနိုင်းဆိုင်မွန်တို့နှင့် လက်တွဲခဲ့ဖူးသည့် နည်းပြဖြစ်သောကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ်က လက်ရွေးစင်အသင်း၏ အနာဂတ်စီမံကိန်းအတွက် ဒီလာဖူအန်တီကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စပိန် ဘောလုံးအဖွဲ့ချုပ်က "အဖွဲ့ချုပ်အနေနဲ့ ဒီလာဖူအန်တီကို လက်ရွေးစင်အသင်း နည်းပြအဖြစ် ခန့်အပ်လိုက်ပါပြီ။ လက်ရွေးစင်အသင်းရဲ့ စီမံကိန်းအသစ်ဟာ ဖူအန်တီနဲ့ စတင်သွားမှာဖြစ်ပါတယ်။ သူဟာ ယူ-၁၉ အပြင် ယူ-၂၁ အသင်းတွေနဲ့အတူအောင်မြင်ရယူနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဆောင်းရာသီ ပေကျင်းအိုလံပစ်မှာလဲ ဒုတိယဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် နည်းပြအင်းနရစ်နေရာမှာ အစားထိုးလိုက်တာပါ။ ဒါ့ပြင် လက်ရွေးစင်အသင်းရဲ့ အားကစားဒါရိုက်တာ မိုလီနာရဲ့နေရာမှာလဲ အဲလ်ဘက်လူကီးကို အစားထိုးခန့်အပ်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

ML

# 2023 Abu Dhabi HSBC Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆီးမတ်စ်ပါဝါနှင့် မိုလီနာရီတို့ ဝင်ရောက်ယှဉ်ပြိုင်မည်

**အဘူဒါဘီ ဒီဇင်ဘာ ၉**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပသွားမည့် DP World Tour အမျိုးအစားဖြစ်သည့် 2023 Abu Dhabi HSBC Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများဖြစ်သည့် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ဆီးမတ်စ်ပါဝါနှင့် အီတလီဂေါက်သီးရိုက်ကစားသမား မိုလီနာရီတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း N Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Abu Dhabi HSBC Championship ဂေါက်သီးရိုက် ပြိုင်ပွဲသည် DP World Tour အမျိုးအစားတွင် အအောင်မြင်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့အဆင့်ဂေါက်သီးရိုက်ကစားသမားများ စိတ်ဝင်စားသည့် ပြိုင်ပွဲလည်းဖြစ်သည်။

ဆီးမတ်စ်ပါဝါသည် ၂၀၂၂ ခုနှစ် PGA Tour's FedExCup Rankings အဆင့် သတ်မှတ်ချက်တွင် အဆင့် (၁) နေရာဖြင့် အဆုံးသတ်ခွင့်ရတော့မည် ကစားသမားတစ်ဦးဖြစ်သလို ၂၀၂၃ ခုနှစ်တွင်လည်းအောင်မြင်မှုများ ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ဆီးမတ်စ်ပါဝါက "Abu Dhabi HSBC Championship ဂေါက်သီးရိုက်ပြိုင်ပွဲဟာ DP World Tour ရဲ့ ပြိုင်ပွဲတွေထဲမှာ အကြီးကျယ် အခမ်းနားဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်သလို ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင်ချင်တဲ့ ပြိုင်ပွဲလဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လဲ ဒီပြိုင်ပွဲမှာ နှစ်စဉ်နှစ်တိုင်း ပါဝင်ယှဉ်ပြိုင်ဖို့ဆန္ဒရှိပါတယ်။ လာမယ့် ဇန်နဝါရီမှာ ကျင်းပသွားမယ့် Abu Dhabi HSBC Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် အခုကတည်းက ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ ၂၀၂၂ ခုနှစ် PGA Tour မှာ ကစားထားနိုင်တဲ့ လက်စွမ်းမျိုးတွေနဲ့ Abu Dhabi HSBC Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်မယ်လို့လဲမျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# The Don Award ဆုကို အက်ရှ်လိုက်ဘာတီ ဒုတိယအကြိမ် ဆွတ်ခူးရရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၉**

ဩစတြေးလျအားကစားလောကအတွက် တန်ဖိုးအထားရဆုံးနှင့် အခမ်းနားဆုံးသောဆု တစ်ဆုဖြစ်သည့် The Don Award ဆုကို ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ်ဟောင်း အက်ရှ်လိုက်ဘာတီကဆွတ်ခူးရရှိခဲ့ကြောင်း The Sport Australia Hall of Fame က ထုတ်ပြန်ခဲ့ကြောင်း JP Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်ရှ်လိုက်ဘာတီသည် ၂၀၂၂ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သူဖြစ်ပြီး နှစ်လခန့်အကြာတွင် တင်းနစ်လောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

တင်းနစ်လောကမှ အနားယူလိုက်ပြီဖြစ်သော်လည်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းက The Don Award ဆုကို ဆွတ်ခူးနိုင်ရန် လုံလောက်သည့် အောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့သည်။

အက်ရှ်လိုက်ဘာတီသည် ၂၀၁၉ ခုနှစ်က The Don Award ဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး ယခုတစ်ကြိမ် ဆွတ်ခူးခဲ့ခြင်းမှာ ဒုတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အက်ရှ်လိုက်ဘာတီအနေဖြင့် The Don Award ဆုကို သမိုင်းတစ်လျှောက် နှစ်ကြိမ်တိုင်တိုင်ဆွတ်ခူးနိုင်ခဲ့သောပြေးခုန်ပစ်အားကစားသမားများဖြစ်ကြသည့် ဆောလ်လေပီယာဆင်၊ စတိဖ်ဟော့ကာတို့၏ စံချိန်ကိုလည်း အမီလိုက်နိုင်ခဲ့သည်။

အက်ရှ်လိုက်ဘာတီ အနေဖြင့် The Don Award ဆုကိုဒုတိယအကြိမ် ဆွတ်ခူးခဲ့ပြီးဖြစ်သော်လည်း တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်ရန် စိတ်ကူးမရှိကြောင်း ပြောကြားခဲ့သည်။



အက်ရှ်လိုက်ဘာတီက "ဒီနှစ် ဩစတေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲဟာ ကျွန်မအတွက် အရမ်းပျော်စရာကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ပြိုင်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်ရတာ ဘာဖိအားမှမရှိသလို ကလေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးစွာ ကစားနိုင်ခဲ့တယ်။ ကိုယ်ချစ်ခင်နှစ်သက်တဲ့ အားကစားလောကမှာ ကလေးတစ်ယောက်လို လွတ်လပ်စွာကစားနိုင်ခြင်းဟာ ကောင်းမွန်တဲ့အခြေအနေတစ်ရပ်ပါ။ နှစ်သက်သဘောကျတဲ့ အားကစားလောကကို စွန့်ခွာရတာ စိတ်မကောင်းပေမဲ့လဲ စိတ်ချမ်းသာစရာကောင်းတဲ့ အဆုံးသတ်မှုတစ်ခုဖြစ်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။ AZL

## အားကစားသတင်း အတိုအထွာများ

- ဒူဘိုင်းစူပါကပ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းက လိုင်ယွန်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့်အပြင် ပင်နယ်တီတွင်လည်း ဂိုးသမား ကားလ်ဟိန်းက လေးကြိမ်ကာကွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။
- ဘရာဇီးကစားသမား အန်းဒရစ်ကို ခေါ်ယူနိုင်ခြင်းမရှိသည့် ဘာစီလိုနာအသင်းနှင့် ချဲလ်ဆီးအသင်းတို့က ဒေါ့မွန်အသင်း လူငယ်တိုက်စစ်မှူး မူကိုကိုသာ ခေါ်ယူရန် ပြန်လည်ကြိုးပမ်းလျက်ရှိသည်။
- ဝုဗ်အသင်းနည်းပြ လိုပက်တီဂွီက ဇန်နဝါရီအပြောင်းအရွှေ့တွင် အေတီကိုအသင်းမှ တိုက်စစ်မှူး ကန်ဟာနှင့် ဖီလစ်ပီတို့ နှစ်ဦးကို ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# လီဗာပူးအသင်းက ဘယ်လင်ဟမ်ကိုခေါ်ယူနိုင်ရန် ပိုမိုနီးစပ်နေ



**လန်ဒန် ဒီဇင်ဘာ ၉**

ဒေါ့မွန်အသင်းနှင့် အင်္ဂလန်အသင်းတို့တွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်း ပြသလျက်ရှိနေသည့် ဘယ်လင်ဟမ်ကို ရီးရဲလ်မက်ဒရစ်အသင်းထက် လီဗာပူးအသင်းက ခေါ်ယူရန် ပိုမိုနီးစပ်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်သာရှိသေးသည့် ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ဘာမင်ဂမ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကြေးယူရို ၂၆ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်း ပြသလျက်ရှိနေသကဲ့သို့ လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနေသည့်အတွက် ဥရောပအသင်းကြီးများကလာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဘယ်လင်ဟမ်ကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ပြင်ဆင်နေသော်လည်း ဘယ်လင်ဟမ်၏ မိသားစုဝင်များနှင့် ၎င်း၏အေးဂျင့်များက လီဗာပူးအသင်းတွင်သာ ပြောင်းရွှေ့ကစားစေလိုသည့်အတွက် ဘယ်လင်ဟမ်အနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းထက် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားနိုင်ဖွယ်ရှိနေခြင်းဖြစ်သည်။

လီဗာပူး အသင်းနည်းပြ ကလော့ပ်ကိုယ်တိုင်က လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘယ်လင်ဟမ်ကို ခေါ်ယူရန်အတွက် တောင်းဆိုမှုများ ပြုလုပ်ထားပြီး လီဗာပူးအသင်းတာဝန်ရှိသူများကလည်း ဘယ်လင်ဟမ်ကို ခေါ်ယူရန်အတွက် ၎င်း၏ မိသားစုဝင်များနှင့် အေးဂျင့်များထံ ဆက်သွယ်မှုများ ပြုလုပ်၍ ကမ်းလှမ်းသွားမည်ဖြစ်သည်။

ဒေါ့မွန်အသင်း အနေဖြင့် ဘယ်လင်ဟမ်ကို လက်မလွှတ်လိုသော်လည်း အသင်းတွင်ဆက်လက်ထိန်းသိမ်းရန် ခက်ခဲမည့်အခြေအနေကြောင့် ဘယ်လင်ဟမ်၏ ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၁၀၀ ထိ တောင်းဆိုလာဖွယ်ရှိကြောင်း သိရသည်။

STA

# မန်ယူအသင်း လူငယ်ကစားသမား ဂါနာချိုကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ပြင်ဆင်

**လန်ဒန် ဒီဇင်ဘာ ၉**

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပါမီးယက်စ်အသင်းလူငယ်တိုက်စစ်မှူး အန်းဒရစ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် မန်ယူအသင်း တောင်ပံကစားသမား ဂါနာချိုကို ထပ်မံခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ မန်ယူအသင်းလူငယ်ကစားသမား ဂါနာချိုသည် ယခုနှစ်ဘောလုံးရာသီတွင် စီနီယာအသင်းကြီးသို့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၀ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး နှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်တွင် မှတ်တမ်းကောင်းများ ရရှိခဲ့ကာ ပုံစံကောင်းပြသနေသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက အနာဂတ်စီမံကိန်းအတွက် ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

သို့သော် မန်ယူအသင်းက လာမည့် ၂၀၂၃ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ၎င်းတို့၏ လူငယ်ကစားသမားကို လက်မလွှတ်လိုသည့်အတွက် လက်ရှိ ရရှိနေသည့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၅၀၀၀ မှ စတာလင်ပေါင် ၅၀၀၀၀ ထိ တိုးမြှင့်၍ ၂၀၂၇ ခုနှစ်ထိ စာချုပ်သစ် ချုပ်ဆိုနိုင်ရန် ကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

မက်ဒရစ်မြို့တွင် မွေးဖွားခဲ့သည့် ဂါနာချိုသည် ၂၀၂၀ပြည့်နှစ်က အေတီကိုအသင်းမှမန်ယူလူငယ်အသင်းသို့ စတာလင်ပေါင်



၄၂၀၀၀၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့သော်လည်း ၎င်းအနေဖြင့် မက်ဒရစ်မြို့သို့ ပြန်ရန်ဆန္ဒရှိနေသဖြင့် ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံနိုင်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်နေသကဲ့သို့ လက်ရှိ ကမ္ဘာ့ဖလားအားလပ်ရက်ကာလတွင် စပိန်နိုင်ငံမက်ဒရစ်မြို့သို့ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ ML

# လက်ရွေးစင်ကစားသမားဘဝမှ အနားယူရန်အစီအစဉ်မရှိကြောင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်ပြောကြား



**ဒိုဟာ ဒီဇင်ဘာ ၉**

ခရိုအေးရှားအသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်က လက်ရွေးစင် အသင်းကစားသမားဘဝမှအနားယူရန် အစီအစဉ်မရှိသေးဟုပြောကြားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ် ရှိပြီဖြစ်သည့် မိုဒရစ်သည် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်မှစတင်ပြီး ခရိုအေးရှားအသင်းနှင့်အတူ နိုင်ငံတကာပွဲစဉ်များ စတင်ကစားခဲ့သူဖြစ်ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ အသင်းကို သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

မိုဒရစ်သည် ခရိုအေးရှားအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူနေသူဖြစ်ပြီး လက်ရှိ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်း ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့ရာတွင် အဓိက ကစားသမားအဖြစ် စွမ်းဆောင်ထားနိုင်သူဖြစ်ပြီး လက်ရှိအချိန်ထိ ၁၅၉ ပွဲကစားထားပြီး ၂၃ ဂိုးသွင်းယူနိုင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက်တွင် နိုင်ငံတကာပွဲအများဆုံး ကစားထားသည့်ကစားသမားအဖြစ်ပါ ရပ်တည်နေသူဖြစ်သည်။

မိုဒရစ်အနေဖြင့် အသက်အရွယ်အပိုင်းအခြားအရ လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ၎င်းအတွက် နောက်ဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်လာလိမ့်မည်ဟု အများစု၏ ခန့်မှန်းပြောဆိုမှုများကို မိုဒရစ်က ငြင်းဆိုခဲ့ပြီး လက်ရွေးစင်အသင်း ကစားသမားဘဝမှအနားယူရန် အစီအစဉ်မရှိသေးဘဲ ဆက်လက်ကစားမည်ဟုပြောကြားခဲ့သည်။ STA

# The Great Lethwei အမည်ရှိ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

The Great Lethwei အမည်ရှိ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို လာမည့် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီမှစတင်ပြီး ရန်ကုန်မြို့ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါThe Great Lethwei မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် စုစုပေါင်းတွဲဆိုင်း ခြောက်ဆိုင်းဖြင့် ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး အဓိကပွဲစဉ်အဖြစ် မြန်မာ့လက်ဝှေ့ကျော် ယွန်းခလိန်းမင်းနှင့် ထိုင်းလက်ဝှေ့သမား တိုတိုတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ထို့ပြင် ဒုတိယပွဲစဉ် ၆၃ ဒသမ ၅-၆၇ ကီလိုတန်း ဝယ်လ်တာဝိတ်တန်းပွဲစဉ်အဖြစ် ပတ်ကျော်လင်းနိုင်နှင့် သက်ဝင်းအောင်၊ အခြားတွဲဆိုင်းများအဖြစ် ၅၄-၅၇ ကီလိုတန်း ဖယ်လ်သာဝိတ်တန်းပွဲစဉ်များအဖြစ် စောကဲဒိုနှင့် သားသား၊ နာဂမင်းနှင့်အောင်ထက်ဦး၊ ၅၇-၆၀ ကီလိုတန်း လိုက်ဝိတ်တန်း ပွဲစဉ်အဖြစ် နိုင်အောင်ရှင်နှင့် စောငမောက်၊ ၆၃ ဒသမ ၅-၆၇ ကီလိုတန်း ဝယ်လ်တာဝိတ်တန်း ပွဲစဉ်အဖြစ် ကြယ်စင်ထွန်းနှင့် အောင်ကြီး၊ ၅၇-၆၀ ကီလိုတန်း လိုက်ဝိတ်တန်းပွဲစဉ်အဖြစ် ရွှေထွန်းယုံနှင့်အောင်ပိုင်၊ ၆၃ ဒသမ ၅-၆၇ ကီလိုတန်း ဝယ်လ်တာဝိတ်တန်း ပွဲစဉ်အဖြစ် အဖိုးသွေးနှင့်ထက်နိုင်အောင်တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

The Great Lethwei မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ထိုးသတ်နေမှုများကို ပြည်တွင်းရုပ်သံလိုင်း တစ်လိုင်းဖြစ်သည့် CANAL+ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ STA

# အင်္ဂလန်အသင်းလူစာရင်းမှ ဘန်ဝှိုက်နုတ်ထွက်ခဲ့ခြင်းမှာ လက်ထောက်နည်းပြနှင့် ပြဿနာဖြစ်ခဲ့ခြင်းကြောင့် ဟုဆို

**လန်ဒန် ဒီဇင်ဘာ ၉**

အာဆင်နယ်နှင့် အင်္ဂလန်အသင်း ခံစစ်ကစားသမားဘန်ဝှိုက်မှာ လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် နည်းပြ ဆောက်ဂိတ်၏ အင်္ဂလန်အသင်းကစားသမားစာရင်းတွင်ပါဝင်လာခဲ့ပြီး ကာတာနိုင်ငံထိ လိုက်ပါလာခဲ့သော်လည်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းမှာ ပုဂ္ဂိုလ်ရေး အကြောင်းပြချက်ဖြင့် မဟုတ်ဘဲ အင်္ဂလန်အသင်း လက်ထောက်နည်းပြ ဟော်လန်နှင့်ပြဿနာ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဒေးလီးစတားသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ဘန်ဝှိုက်အနေဖြင့် ပုဂ္ဂိုလ်ရေးအကြောင်းများကြောင့် အသင်းကစားသမားမှ စာရင်းမှ နုတ်ထွက်ခဲ့ပြီး အသင်းနှင့် လက်ကျန်ပွဲစဉ်များအားလုံး ပါဝင်မည်မဟုတ်ဘဲ အင်္ဂလန်နိုင်ငံသို့ ပြန်သွားခဲ့ခြင်းသည်ဟု အတည်ပြုကြေညာထားသော်လည်း အမှန်တကယ်တွင် ဘန်ဝှိုက်အနေဖြင့် လက်ထောက်နည်းပြ ဟော်လန်နှင့် ပြဿနာ ဖြစ်ပွားခဲ့သည့်အတွက် ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် အမေရိကန်အသင်းတို့ပွဲစဉ်မတိုင်မီပြုလုပ်သည့် အစည်းအဝေးတွင် ဘန်ဝှိုက်နှင့် လက်ထောက်နည်းပြဟော်လန်တို့ အချေအတင်ပြဿနာများဖြစ်ပွားခဲ့ပြီးနောက် နည်းပြဆောက်ဂိတ်က အသင်းကစားသမားစာရင်းမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ကစားသမားစာရင်းမှ နုတ်ထွက်၍ အင်္ဂလန်နိုင်ငံသို့ ပြန်သွားကာ အာဆင်နယ်အသင်းနှင့် ပူးပေါင်းခဲ့ကြောင်း သိရသည်။

STA



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ

ကြည်လွင်မြင့်(မုဒြာ)



ဆေးဖက်ဝင် နနွင်းတက်ကို တွေ့ရစဉ်။

**နနွင်း**

အင်္ဂလိပ်အမည် - Turmeric
မျိုးရင်း - Zingiberaceae (ချင်းမျိုးရင်း)
ရုက္ခဗေဒအမည် - Curcuma longa Linn;

**အဓိကဆေးဖက်ဝင်ပုံ**

အဖျားရောဂါ၊ ငန်းရောဂါ၊ ဝမ်းရောဂါ၊ ရောင်ရမ်းနာကျင်ကိုက်ခဲသောရောဂါ၊ ဆီးအောင့်ဆီးကျောက်တည်ရောဂါ၊ အစာအိမ်ရောဂါ၊ မီးဖွားပြီးနောက် သွေးပုပ်ကျန်သောရောဂါနှင့်မှိုင်းရှူဆေး၊ နှာမှုတ်ဆေးများ ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

ဥ၊ အတက်

**အပင်ပုံသဏ္ဌာန်**

အပင်မှာ ရွက်ရောင်ပင်စည်ဖြစ်ပြီး လေးပေ၊ ငါးပေခန့် မြင့်သည်။ ဘဲဥပုံအမြစ်ဥများ ရှိသည်။ မြစ်ဥအတွင်းသား တောက်ပသောရွှေဝါရောင်ရှိသည်။ နနွင်းအမျိုးအစားများစွာရှိသည့်အနက် စားသုံးရာတွင် နနွင်းရိုးရိုးကိုသာ အသုံးပြုသည်။ ဟင်းခတ်ရာတွင် ဟင်းဆီသတ်ရာတွင် နနွင်းဝါကို အရောင်အဆင်းလှစေရန်အတွက် အသုံးပြုကြသည်။

အရွက်မှာ ရွက်ညှာသည် ရွက်ပြားနှင့် အလျားညီသည်။ ရွက်ညှာရင်းမှ ရွက်ပြားထိပ်ထိ အမြောင်းပါသည်။ ရွက်ပြားရှည်မျောမျောပုံဖြစ်ပြီး အဖျားချွန်ကာ အရင်းသွယ်သည်။ ရွက်နားညီသည်။ ရွက်ကြောများ အလွန်ထင်ရှားသည်။

အပွင့်မှာ အဝါနုရောင်ရှိသည်။ ဆိတ်ဖူးပွင့်နှင့်တူသည်။ ဝါဆို၊ ဝါခေါင်လများတွင် ပွင့်သည်။

**နနွင်းအမျိုးအစားများ**

အာယုဗေဒကျမ်းအလာ နနွင်းအမျိုးအစား ခုနစ်မျိုးရှိသည်။ ၎င်းတို့မှာ-

(၁) ဟရိဒ္ဒါ - စားနနွင်း (နနွင်းရိုးရိုး)
(၂) ဝနဟရိဒ္ဒါ - တောနနွင်း (နနွင်းရိုင်း) ၎င်းသည် ဥ၊ အရွက်ရိုးရိုးဖြစ်ပြီး နနွင်းတက်ကြီးထွားသည်။ အနံ့ပြင်းသည်။
(၃) အာမဟရိဒ္ဒါ - သရက်ကင်းဥ မြန်မာတို့ သရက်ကင်းဥအနေဖြင့် အတို့အမြှုပ်လုပ်စားသော သရက်ကင်းဥသည် အာယုဗေဒကျမ်းများအလိုအရ နနွင်းဥမျိုးတွင် ပါဝင်သည်။ အိန္ဒိယသားတို့သည် ချက်တနီး ခေါ် အချဉ်ပြုလုပ်စားကြသည်။
(၄) ကာလီဟရဒီ - နနွင်းပြာ မြန်မာနိုင်ငံတွင် ဂမုန်းတစ်မျိုးအဖြစ် နနွင်းမျိုးတွင်မထည့်ဘဲ အသိအမှတ်ပြုထားကြသည်။ တချို့က ဂမုန်းတိမ်ပြာဟု ခေါ်ကြသည်။
(၅) ဓာရုဟရိဒ္ဒါ - သစ်နနွင်း (သစ်သားနနွင်း) ဝါသောအရောင်ချင်းတူသဖြင့် နနွင်းမျိုးတွင် ထည့်သွင်းထားသည်။ သစ်သားမျိုးဖြစ်သည်။ ဆူးရှိသည်။ သစ်နနွင်းဟူ၍လည်းကောင်း ရှေးဆေးဆရာကြီးများက ဆေးရွှေဟုခေါ်တွင်ပြီး သွေးလိမ်းရန်စေခိုင်းကြသည်။
(၆) ဝလ္လီဟရိဒ္ဒါ - နနွင်းနွယ်၊ အဝါရောင်ရှိသော နွယ်မျိုးဖြစ်သည်။ အခြောက်လှန်းပြီး ဆေးဖော်ရာတွင် ထည့်သွင်းအသုံးပြုရန် ပရဆေးဆိုင်များတွင် ရရှိနိုင်သည်။
(၇) တိတ္တဟရဒီ - နနွင်းခါး၊ နနွင်းရိုးရိုးနှင့် သဏ္ဌာန်တူသော်လည်း စားကြည့်လျှင် လွန်စွာခါးသည်။

**ထူးခြားသောနနွင်းများ**

ဆေးဖက်ဝင်သည်ဟုဆိုသော ထူးခြားသောနနွင်းများလည်းရှိသေးသည်။ ဆေးဆရာများ အင်္ဂရတ်ဆရာများအသုံးပြုကြသည်။ ၎င်းတို့မှာ (၁) နနွင်းဖြူနှင့် (၂) နနွင်းနက်တို့ဖြစ်သည်။ ၎င်းတို့သည် လွယ်ကူစွာရှာ၍ ရနိုင်သော နနွင်းမျိုးမဟုတ်သဖြင့် ရိုးရိုးနနွင်းထက် တန်ဖိုးကြီးမားသည်။ ထို့ကြောင့် "နက်၊ ကျော၊ မွေး၊ တောင်၊ ကျီးရာထောင်တွင် တစ်ကောင်အဖြူ ရခဲဟူ၏" ဟု စာဆိုရှိသည်။ နနွင်းဖြူမှာ အလွန်ရှားသည်ဟု ဆိုသည်။ နနွင်းဖြူနှင့်ဂမုန်းခွက်ပေါက်တို့ကိုတွဲ၍ ပြဒါးဖမ်းရာတွင် အသုံးပြုသည်ဟုဆိုသည်။ နနွင်းနက်သည်လည်း အလွန်ဆေးဖက်ဝင်ပြီး ပျားရည်နှင့်စိမ်၍ ဆေးဖော်စားလျှင် ဆံပင်ဖြူများကိုပင် ပြန်၍နက်စေသည်ဟု အဆိုရှိသည်။

**ဆေးကျမ်းများအဆို**

နနွင်းသည်ပူ၏။ စပ်ရှားရှားအရသာရှိ၏။ ခါးသက်၍ ဆိမ့်သောအရသာလည်း အနည်းငယ်ရှိ၏။ ကိုယ်ရေကိုနွေးစေ၏။ ပူသောဂုဏ်သတ္တိရှိ၏။ လေကိုနိုင်၏။ ဝမ်းမီးကိုတောက်စေ၍ အစာမကြေရောဂါကို သက်သာပျောက်ကင်းစေနိုင်၏။

နိယဏ္ဍုကျမ်းများအလိုအရ နနွင်း၏စွမ်းရည်သတ္တိများမှာ စားသုံးသူကို လှပစေတတ်၏။ စင်ကြယ်စေတတ်၏။ မိန်းမတို့အတွက် ဆေးကောင်းဖြစ်၏။ သည်းခြေ၊ သလိပ်၊ လေ၊ သွေး၊ ဒေါသများကိုနိုင်၏။ ဆီးရောဂါ၊ အရေပြားရောဂါ၊ အနာပေါက်ရောဂါ၊ ရောင်တင်းခြင်း၊ အသားဝါရောဂါ၊ အဆိပ်သင့်နာ၊ ထိပ်ကပ်နာ၊ နှုတ်မမြိန်ရောဂါ၊ အစာမကြေရောဂါတို့ကို ပျောက်ကင်းစေတတ်သည်။

နနွင်းသည် "ပဥ္စဘူတမယံဒဗ္ဗ" ဘုတ်ငါးပါးဖြင့်ပြီးသော ဆေးပစ္စည်းဖြစ်သည်ဟု အာယုဗေဒကျမ်းများတွင် ဖော်ပြထားသည်။ ဘုတ်ငါးပါးဟူသည်မှာ-

(၁) ပထဝီ
(၂) အာပေါ
(၃) တေဇော
(၄) ဝါယော
(၅) အာကာသတို့ဖြစ်သည်။

နနွင်းသည် ပူ၏ (တေဇော)။ ဆိမ့်ဖန်သော အရသာရှိ၏ (အာပေါ၊ ပထဝီ)။ ခါးသက်သောအရသာရှိ၏ (ဝါယော)။ စပ်ရှားရှား အရသာရှိ၏ (အာကာသ)။ ထိုကဲ့သို့ ဘုတ်ငါးပါးလုံး ထူးခြားစွာပေါင်းစပ်နေသော ဆေးပစ္စည်းမှာ အလွန်ရှားပါးပြီး ရောဂါကုသရာတွင် ဆရာ၏ဉာဏ်ကွန့်နိုင်သလို ရောဂါပေါင်းစုံအတွက် ဆေးဖက်ဝင်ဖြစ်သည်။

နနွင်းသည် အပူဟုဆိုသော်လည်း ဖျက်ဆီးတတ်သော အပူမျိုးမဟုတ်ပေ။ နနွင်း၌ရှိသော အပူတေဇောဓာတ်သည် အကျိုးပြုသောတေဇောဖြစ်သည်။ ခန္ဓာကိုယ်အတွက် အကျိုးပြုသောအစာကို ကြေကျက်စေသည့် (ပါစကတေဇော) ဝမ်းမီးနှင့်ခန္ဓာကိုယ်၏ အပူ၊ အအေးကို ထိန်းညှိပေးနေသော ကိုယ်စောင့်ဓာတ်မီး (ဥသမ္ဘာတေဇော) တို့ဖြစ်သည်။

နနွင်းတွင် ခန္ဓာကိုယ်ကိုပျက်စီးစေသည့် လောင်မြိုက်စေသည့် လွန်ကဲသောအပူမှာ-

(၁) ဒါဟတေဇော (လောင်မီး၊ မီးတောက်မီးလျှံ)
(၂) ဥဏှတေဇော (၎တ် စွဲလောင်သောမီး)
(၃) ဇီရဏတေဇော (ဆွေးမြည့်အောင်လောင်စေသောမီး)
(၄) သန္တတ္တတေဇော (မြိုက်လောင်သောအပူ) စသောမီးများ နနွင်းတွင် မပါဝင်ပေ။

အမျိုးသမီးများ၏ အဆင်းတန်ဆာအဖြစ် နနွင်းကို အာယုဗေဒကျမ်းများက ချီးကျူးဖော်ပြကြသည်။ နနွင်းသည် အမျိုးသမီးများ သွေးသားသန့်စင်စေသော ဆေးကောင်းဖြစ်သည်။ မီးနေချိန်မှစ၍ သွေးဆုံးချိန်ထိ မိန်းမများအတွက် ဆေးကောင်းဖြစ်သည်။ "ယောက်ျားမှာ ဆီး၊ မိန်းမမှာမီး"ဟူသော စကားအတိုင်း မီးယပ်သွေး မှန်ကန်စေသော၊ သွေးသားသန့်စင်စေသော ဆေးအဖြစ် နနွင်းကို ရှေးဆရာများအဆက်ဆက်သုံးစွဲလာခဲ့ကြသည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

(၁) ကိုယ်ဝန်ဆောင်အမျိုးသမီးများ မွေးဖွားရလွယ်ကူစေရန်အတွက် နနွင်းမှုန့်ကို ရေအေးဖြင့်ဖျော်၍ ဟင်းစားဇွန်းတစ်ဇွန်းခန့် မမွေးဖွားမီကြိုတင်၍ နေ့စဉ်မှီဝဲပေးရ၏။
(၂) ကိုယ်ဝန်ရှိနေစဉ် တစ်နေ့တခြား အသားအရေ ပူနွေးလာရ၏။ ထိုသို့မဟုတ်ဘဲ အသားအရေ အေးနေခြင်း၊ သွေးလေးနေခြင်းတို့ဖြစ်ခဲ့လျှင် နနွင်းကိုရေအေးဖြင့်ဖျော်ပြီး တစ်ကိုယ်လုံးလိမ်းကျံပေးခြင်းဖြင့် သက်သာစေနိုင်သည်။
(၃) အမျိုးသမီးများခေါင်းကိုက်ခြင်း၊ ဇက်ထိုးခြင်း၊ မီးယပ်ခေါင်းကိုက်ရောဂါစွဲခြင်းဖြစ်ခဲ့လျှင် နနွင်းမှုန့်ကို မီးကျီးခဲပေါ်တွင်ဖြူး၍ မှိုင်းရှူပေးခြင်းဖြင့် သက်သာစေနိုင်သည်။
(၄) ကိုယ်ဝန်ဆောင်နေစဉ် မကြာခဏဖျားတတ်သော အမျိုးသမီးများသည် အဖျားပျောက်ဆေးများကို မှီဝဲသည့်အပြင် နနွင်းကိုလည်း သောက်ပေးသင့်သည်။
(၅) မီးဖွားပြီးနောက် အောင်းနေသောသွေးများ မဆင်းဘဲ အပုပ်ဆောင်ရာမှ ခန္ဓာကိုယ်ဖောရောင်ခြင်းဖြစ်လျှင် နနွင်းကိုဆေးအဖြစ် သောက်ခြင်း၊ လိမ်းခြင်း၊ နနွင်းပြုတ်ရည်ဖြင့်ရေချိုးခြင်း ပြုလုပ်ပေးပါက သက်သာစေနိုင်သည်။
(၆) မီးဖွားပြီးနောက် သားမြတ်ရောင်ခြင်း၊ သားမြတ်ကိုက်ခြင်းဖြစ်လျှင်၊ နို့ချောင်းပိတ်လျှင် နနွင်းမှုန့်ကို သောက်ပါ။ နနွင်းဖြင့်လိမ်းကျံပေးပါ။ နနွင်းမှုန့်ကို အထုပ်ပြုလုပ်၍ ရေနွေးငွေ့ခံပြီး ကြပ်ထုပ်ထိုးပေးပါ။
(၇) သွားနာ၊ သွားကိုက်၊ သွားဖုံးရောင်ရောဂါဖြစ်လျှင် နနွင်းမှုန့်ကို ရေနွေးနှင့်ဖျော်၍ ဆားအနည်းငယ်ထည့်ပြီး ငုံပေးလျှင် သက်သာစေနိုင်သည်။
(၈) အပူဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်လျှင် နနွင်းမှုန့်၊ ကွမ်းစားထုံးအနည်းငယ်နှင့်ထန်းလျက်ရော၍ ရေနွေးဖြင့်ပြုတ်ပြီး ပူပူနွေးနွေး သောက်ပေးလျှင် ဝမ်းလျှောရောဂါသက်သာပျောက်ကင်းစေနိုင်သည်။
(၉) အဖျားတက်ခြင်း၊ ချွေးငုပ်ပြီး ငန်းဖမ်းခြင်းများဖြစ်လျှင် နနွင်းကိုမီးဖိုချောင်မှကျပ်ခိုးနှင့်ဆားအနည်းငယ်ရော၍ လှော်ပြီး ကွမ်းရွက်ပြုတ်ရည်နှင့်တိုက်ကျွေးပေးပါက ချွေးထွက်ပြီး အဖျားကျစေနိုင်သည်။
(၁၀) ခန္ဓာကိုယ်တွင် နာကျင်ကိုက်ခဲသောအကျိတ်ထွက်ခြင်း၊ ခိုက်မိ၍ ဖူးရောင်ခြင်းများဖြစ်ပါက နနွင်းကို ထုံးနှင့်ရောစပ်၍ ရေဖျော်ပြီး လိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
(၁၁) ရုတ်တရက် ထိခိုက်ပွန်းရှခြင်းများ သွေးထွက်ပြီး သွေးမတိတ်လျှင် နနွင်းမှုန့်ကို သိပ်ပေးခြင်းဖြင့် သွေးတိတ်စေနိုင်သည်။
(၁၂) ခန္ဓာကိုယ်အနံ့ဆိုးခြင်း၊ ချွေးထွက်လျှင် အနံ့အသက် မကောင်းခြင်း၊ ချိုင်းချွေးနံ့မကောင်းခြင်းဖြစ်ပါက နနွင်းမှုန့်ကို ကော်ဖီဇွန်းသေးနှစ်ဇွန်းခန့် နံနက်၊ ည နေ့စဉ်စားသုံးပေးပါက ပျောက်ကင်းစေနိုင်သည်။

❖ နနွင်းသည်ပူ၏။ စပ်ရှားရှားအရသာရှိ၏။ ခါးသက်၍ ဆိမ့်သောအရသာလည်း အနည်းငယ်ရှိ၏။ကိုယ်ရေကိုနွေးစေ၏။ ပူသောဂုဏ်သတ္တိရှိ၏။ လေကိုနိုင်၏။ ဝမ်းမီးကိုတောက်စေ၍ အစာမကြေရောဂါကိုသက်သာပျောက်ကင်းစေနိုင်၏။ နိယဏ္ဍုကျမ်းများအလိုအရ နနွင်း၏စွမ်းရည်သတ္တိများမှာ စားသုံးသူကိုလှပစေတတ်၏။ စင်ကြယ်စေတတ်၏။ မိန်းမတို့အတွက် ဆေးကောင်းဖြစ်၏။ သည်းခြေ၊ သလိပ်၊ လေ၊ သွေး၊ ဒေါသများကို နိုင်၏။ ဆီးရောဂါ၊ အရေပြားရောဂါ၊ အနာပေါက်ရောဂါ၊ ရောင်တင်းခြင်း၊ အသားဝါရောဂါ၊ အဆိပ်သင့်နာ၊ ထိပ်ကပ်နာ၊ နှုတ်မမြိန်ရောဂါ၊ အစာမကြေရောဂါတို့ကို ပျောက်ကင်းစေတတ်သည်။ ❖

# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ရွှေချည်ထိုးပန်းချီကားများ မှာယူမှုရှိလာ



**ရန်ကုန် ဒီဇင်ဘာ ၉**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ရွှေချည်ထိုးပန်းချီကားများကို ယခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှစတင်က ပြန်လည်မှာယူမှုများရှိလာကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်း ဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ယခုကဲ့သို့ မှာယူခြင်းဖြစ်ကြောင်း၊ ရွှေချည်ထိုးပန်းချီကားများ မှာယူမှုမှာ ကိုဗစ်ကာလကတည်းက ရပ်ဆိုင်းထားခြင်းဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှသာ ပြန်လည် မှာယူခြင်းဖြစ်ကြောင်း သိရသည်။

"ရွှေချည်ထိုးပန်းချီကားတွေက မပို့ရတာ တော်တော်ကြာခဲ့ပြီ။ ကိုဗစ်ဖြစ်ကတည်းက မပို့ရတာပါ။ အခုတော့ အမှာတွေပြန်ရလို့ ပြန်လုပ်နေရပါပြီ။ များများတော့ မမှာသေးပါဘူး။ သူတို့ဆီပို့နေကျဒီဇိုင်းငါးမျိုးလောက်ရှိတယ်။ အရွယ်အစားကတော့ သုံးမျိုးလောက်ရှိတယ်။ အဲဒါကိုပဲ ပြန်မှာတာပါ။ ဒီဇိုင်းတစ်မျိုး၊ အရွယ်အစားတစ်မျိုးကို အရေအတွက်က ၅၀ လောက်တော့ အော်ဒါရထားပါတယ်။ ၂၀၂၃ ခုနှစ်ထဲမှာ လေကြောင်းခရီးနဲ့ပဲတင်ပို့ပေးမှာပါ"ဟု သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်း ဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြသည်။

ပြည်ပရှိ မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူထားသည့် ရွှေချည်ထိုးပန်းချီကားဒီဇိုင်းများမှာ မြန်မာကရဝိက်၊ ကိန္နရီ ကိန္နရာမောင်နှံ၊ မြန်မာ့ရှင်ပြု ရှင်လောင်းလှည့်ပွဲ၊ မန္တလေးကျုံးနှင့် ပြာသာဒ်၊ လောကနတ်တို့ဖြစ်ကြောင်း၊ အဆိုပါ ရွှေချည်ထိုးပန်းချီကားအရွယ်အစားများမှာ (၁၅×၂၅) လက်မ၊ (၁၇×၂၇) လက်မ၊ (၁၈× ၂၈) လက်မတို့ဖြစ်ပြီး ဈေးနှုန်းများမှာ အရွယ်အစားအလိုက် ငွေကျပ်တစ်သိန်းမှ ငွေကျပ် တစ်သိန်းနှစ်သောင်းထိ ရှိကြောင်း သိရသည်။ ASH

# Asteroid City ဇာတ်ကား ၂၀၂၃ ခုနှစ်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၉**

ကမ္ဘာကျော်ဒါရိုက်တာ ဝက်အန်ဒါဆင်၏ Asteroid City အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် ရုံတင်ရန် Focus Features ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Asteroid City ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇွန် ၁၆ ရက်တွင် လက်ရွေးစင်ရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသမည်ဖြစ်ပြီး ဇွန် ၂၃ ရက်တွင် နိုင်ငံတကာဈေးကွက်၌ ကျယ်ကျယ်ပြန့်ပြန့် ရုံတင်ပြသမည်ဖြစ်သည်။

Asteroid City ဇာတ်ကားတွင် မင်းသမီး မားဂေါ့ရော့ဘီ၊ စကားလက်ဂျိုဟန်ဆင်နှင့် မင်းသားကြီး တွစ်ဟင့်တို့က အဓိကနေရာများ၌ ပါဝင်သရုပ်ဆောင်ထားသည်။

၁၉၅၅ ခုနှစ် သဲကန္တာရမြို့တစ်မြို့ကို ဇာတ်အိမ်တည်ထားသည့် Asteroid City ဇာတ်ကားသည် အငယ်တန်းနက္ခတ်တာရာလေ့လာသူများ ညီလာခံတစ်ခု ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့သော အဖြစ်အပျက်များက ကမောက်ကမဖြစ်ခဲ့ရပုံကို ရိုက်ကူးထားသောဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO



# အဆိုတော် စိုင်းဆိုင်မောဝ်ကို သရုပ်ဆောင် အောင်ခိုင်နှင့်ဝါဝါအောင်မိသားစုက ဂါရဝပြုငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၉**

အဆိုတော် စိုင်းဆိုင်မောဝ်ကို သရုပ်ဆောင် အောင်ခိုင်နှင့် ဝါဝါအောင်မိသားစုက ဂါရဝပြုငွေကို ဒီဇင်ဘာ ၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုတော် စိုင်းဆိုင်မောဝ်သည် အသက် ၇၅ နှစ်အရွယ်သို့ ရောက်ရှိပြီဖြစ်ကာ ကျန်းမာရေးကောင်းမွန်ခြင်း မရှိသောကြောင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေရန် ဂါရဝပြုငွေကျပ်နှစ်သိန်းနှင့် ကြက်ပေါင်းရည်တစ်ခြင်းတို့ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အန်တီဝါငယ်ငယ်ကတည်းက အဆိုတော်ကြီး စိုင်းဆိုင်မောဝ်နဲ့ ရင်းနှီးခဲ့ကြတာပါ။ အခု သူအသက် ၇၅ နှစ်ရှိပြီ။ အသက်ကလဲ ရလာပြီဆိုတော့ ကျန်းမာရေးကမကောင်းတော့ဘူး။ အန်တီဝါအမေနဲ့ကလဲ ခင်မင်ရင်းနှီးတဲ့အခါကျ အမေကလဲ သူ့မိတ်ဆွေကို ကျန်းမာရေးအတွက် အထောက်အကူအနေနဲ့ ငွေပံ့ပိုးချင်လို့ အန်တီဝါတို့မိသားစုက ငွေနဲ့ ကြက်ပေါင်းရည်တစ်ခြင်း ဂါရဝပြုခဲ့ပါတယ်"ဟု သရုပ်ဆောင် ဝါဝါအောင်က ပြောပြသည်။



အဆိုတော် စိုင်းဆိုင်မောဝ်သည် ကျော်ကြားသည့် ရှမ်းတိုင်းရင်းသား တေးသံရှင်တစ်ဦးဖြစ်ပြီး မူဆယ်-နမ့်ခမ်းလမ်း (မြောက်ပိုင်းလမ်း)၊ ရှမ်းပဲပုပ်ကလေးကျွန်တော်၊ တစ်ရွာသားနဲ့ပဝါပါး၊ ရှမ်းစကားလေးနဲ့ နှုတ်ဆက်ကြမယ် စသည့် ၎င်း၏ တေးသီချင်းများစွာသည် ယနေ့ထိ လက်ခံသီဆိုနေကြဆဲဖြစ်ကြောင်း သိရသည်။ ASH

# Wonder Woman-3 ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေး အစီအစဉ်ဖျက်သိမ်း

**နယူးယောက် ဒီဇင်ဘာ ၉**

Wonder Woman-3 ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေး အစီအစဉ်ကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ဖျက်သိမ်းထားကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

မူလက ဝါနာဘရားသားကုမ္ပဏီသည် မင်းသမီး ဂဲဂါးဒေါ့ ပါဝင်မည့် Wonder Woman-3 ကို ယခင် Wonder Woman ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သော အမျိုးသမီးဒါရိုက်တာ ပက်တီဂျန်ကင်နှင့်ရိုက်ကူးရန် စီစဉ်ထားသည်။

သို့ရာတွင် ဝါနာဘရားသားကုမ္ပဏီနှင့် ဒီစီစတူဒီယို တွဲဖက်ဥက္ကဋ္ဌများဖြစ်ကြသည့် ဒါရိုက်တာဂျိမ်းဂန်းနှင့် ထုတ်လုပ်သူ ပီတာဆာဖရန်တို့၏ မဟာဗျူဟာအပြောင်းအလဲများကြောင့် အဆိုပါဇာတ်ကား ရိုက်ကူးရေးအစီအစဉ်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ပက်တီဂျန်ကင်ရိုက်ကူးခဲ့သည့် Wonder Woman(2017) နှင့် Wonder Woman(1984) ဇာတ်ကားများသည် ဝါနာဘရားသားကုမ္ပဏီအတွက် အောင်မြင်ခဲ့သည့် စူပါဟီးရိုးဇာတ်ကားများဖြစ်သည်။

အဆိုပါဇာတ်ကား ရိုက်ကူးရေးအစီအစဉ် ဖျက်သိမ်းထားမှုနှင့်ပတ်သက်၍ ဒါရိုက်တာ ပက်တီဂျန်ကင်နှင့် မင်းသမီး ဂဲဂါးဒေါ့တို့က တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။KKO



# မင်းလှမြို့နယ် ရေနံ့မ(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေနံ့မကျေးရွာအုပ်စု ရေနံ့မ(တ)ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ခံ အင်ဂျင်နီယာ ဒေါ်ခင်စန္ဒီကျော် (ဦးစီးအရာရှိ- နည်းပညာ)နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရေနံ့မ(တ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရေနံ့မ(တ)ကျေးရွာတွင် ကျေးရွာတွင်းလမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်က ပြောပြ၍ သိရသည်။

**ကျော်ခိုး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers speech at International Anti-corruption Day ceremony


Senior General Min Aung Hlaing delivers a speech at the ceremony to mark the International Anti-corruption Day.

**Nay Pyi Taw December 9**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the ceremony to mark the International Anti-corruption Day, held at the Myanmar International Convention Centre-1 in Nay Pyi Taw this morning.

Also present at the ceremony were Joint Secretary Lt-Gen Ye Win Oo and members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Moe Myint Tun, Manh Nyein Maung, Daw Aye Nu Sein, Jeng Phang Naw Taung, Lt-Gen Soe Htut and Lt-Gen Yar Pyae of the SAC, union-level officials, union ministers, the chairman of the Nay Pyi Taw Council, senior military officers, the commander of the Nay Pyi Taw Command, deputy ministers, officials from the Anti-Corruption Commission and guests while chief ministers from states and regions participated in the ceremony via video conferencing.

First, the Senior General delivered a speech, saying Myanmar signed the United Nations Convention against Corruption in 2005 and became the 165th member of it in 2012. Myanmar has been cooperating with signatories to the convention by abiding by its terms and provisions.

Every year, the 9th of December has been designated as the International Anti-corruption Day and signatories to the convention organize the International Anti-corruption Day ceremonies on the day around the world every year. Myanmar has organized the ceremony every year since 2017.

The State Administration Council has been exerting efforts for stability of the country, unity of all national races, development of social economic life and building a union based on democracy and federal system in accordance with the political, economic and social objectives adopted during the term in which the SAC has assumed the State power in accordance with the 2008 constitution.

In doing so, it is of utmost importance to reduce corruption that can undermine the development and stability of the country in all aspects. As corruption can damage the morale and morals of the people and is dangerous for the country, the Anti-corruption law was enacted on 7 August, 2013 and effective prevention and action has been taken against it. To prevent and take action against corruption, which takes various forms from time to time, the law has been amended four times. Everyone is urged to participate in anti-corruption efforts as a national duty.

I would like to inform you that the government is taking all round measures to build clean government and good governance, to improve the image and responsibility in public administration and not to affect the rights and interests of the society and citizens.


Senior General Min Aung Hlaing views documentary photos.

Corruption means not just bribery but also refers to practices such as blackmailing, cheating, abusing state-own properties, using public properties as private ones, campaigning under ill-influence, nepotism and favoritism.

As an act of damaging the funds, properties and assets of the country by violating the existing laws, disciplines and rules and regulations amounts to corruption, it is necessary to take cautious measures in accordance with them. If existing laws, disciplines and rules and regulations are found to be unclear and ambiguous, one must seek the recommendations from union-level bodies and carry out tasks in accordance with recommendations under the guidance of superior organizations.

Exposing and taking action against corruption alone is not sufficient and awareness-raising and prevention campaigns against corruption, which are fundamental to create a culture of zero-tolerance to and elimination of corruption, must be launched seriously at the same time.

Essence of the anti-graft campaign is to safeguard the interests of the public and establish a graft-free society. Public servants and civil servants are those who build a trust between the Government and the people through working as a bridge. In shaping good governance, anti-graft measures are important and what civil servants, public servants and civil servants are off the course of disciplinary regulation, righteousness and code of conduct is graft. So, if civil servants comply with the set rules, regulations, protocol, code of conduct, they will win the trust of the people, which leads to good governance and will be helpful to the development of the nation. To ensure that civil servants are righteous and upright and work together in anti-graft measures, complying with the issued code of conduct is important as well as courses related to code of conduct.

**The more the graft is, the more the poverty is. The more poverty there is, the more the graft is.** Thus, the Anti-Corruption Strategic Plan (2022-2025) was laid down and being implemented. Such a strategic action plan is drawn to harmoniously combine and take three anti-graft measures - prevention, education, and action. The national objective of the State Administration Council is to ensure prosperity of the nation and food security and to promote domestic economy and to ensure improvement of socio-economic lives of the people as well. That means domestic commodity production is encouraged. If the domestic economy is developed, the poverty will be lower. Therefore, we must make efforts to ensure that all relevant tasks will be successful.

Corruption prevention units (CPUs) are extended in ministries, organizations, and region and state governments in order to ensure cooperative efforts for improvement of righteousness and uprightness in public organizations in accordance with the anti-corruption strategic plan. ***See Page 13***


Senior General Min Aung Hlaing looks around the exhibition room at the ceremony.

# Export of more than 300 items of marine products earn US$473.08 million


A worksite of a fish processing plant.

**Nay Pyi Taw December 9**

More than 300 items of marine products are exported from 1 April to 25 November in 2022 of the 2022-23 fiscal year to earn US$473.08 million, said U Nyunt Win, director of Fisheries Department.

Myanmar regularly exports marine products to Japan, Middle East countries, EU member countries, Malaysia, Chia Taipei and Australia. Moreover, Myanmar Fisheries Federation closely cooperate with Fisheries Department for increasing the export volume of marine products.

"During the period from 1 April to 23 November, we earned US$473.08 million in export of marine products. But we spent time in facing the Covid-19 restriction and seeking ISO certificates, so some US$13 million of income declined in the period but monthly export volume increases. We sent 20 kinds of fish such as hilsa, rohu, giant sea perch, river catfish and barbus to the foreign market this year," said U Nyunt Win.

Exporters are cooperating with each other in meeting the demand of customer countries depending on the market trend. Efforts are being made not to decline export volume with meeting the market demand under the restriction of Covid-19 pandemic to China. ASH

*From Page 12*

Therefore, it is necessary to take supervisory tasks and adhering measures from the bottom level. Besides, Public Feedback Programme- PFP is being implemented to effectively prevent minor graft cases. Mainly, it is to develop a corruption-zero community from being lower in corruption by carefully staying away from graft yourself.

**To propagate corruption-free fundamental sentiment and culture in basic education schools, edutainment programmes are being implemented at the schools**. As such measures are being taken step by step to have good citizens who are upright and righteous in the future, it is necessary to give special consideration on achieving success of such edutainment measures.

The State Administration Council is focusing on ensuring strengthening policy, legal framework and protocol in order to ensure reduction and elimination of graft cases.

As graft cases are emerging in many forms, it is to take measures to eliminate them not only legally but morally. As this is related to not only civil servants and public servants but the people, all are urged to work together in anti-graft measures.

Afterwards, Union Chief Justice U Tun Tun Oo briefed on measures being taken for ensuring a judiciary that is unbiased, justice and accountable with no corruption and U Than Swe, chairman of the Anti-corruption Commission, on the measures being taken by the commission and those to be done.

Later, the Senior General and the attendees watched a documentary video marking the International Anti-Corruption Day and viewed photos showing anti- corruption activities. 100

# YSX trades over 260 million kyats worth of stock shares between November 16 and 30

**Yangon December 9**

Shares worth over 260 million kyats were traded on the Yangon Stock Exchange (YSX) between November 16 and 30, according to reports from the YSX.

Among the Yangon Stock Exchange-listed public companies that sold shares during the two-week period, were First Myanmar Investment Public Co, Ltd (FMI) with 14,636 shares worth 132.29 million kyats, Myanmar Thilawa SEZ Holdings Public Co, Ltd (MTSH) with 25,553 shares worth 85.32 million kyats, Myanmar Citizens Bank Ltd (MCB) with 224 shares worth 1.73 million kyats, First Private Bank Ltd (FPB) with 1,325 shares worth 25.81 million kyats, TMH Telecom Public Co, Ltd (TMH) with 700 shares worth 1.86 million kyats, Ever Flow River Group Public Co, Ltd (EFR) with 1,819 shares worth 4.87 million kyats, and AMATA Holding Public Co. Ltd (AMATA) with 1,717 shares worth 8.47 million kyats, totaling 45,974 shares worth 260.35 million kyats. 336



Yangon Stock Exchange.

# UK, Italy and Japan team up for new fighter jet

**London December 9**

Rishi Sunak has announced a collaboration between the UK, Italy and Japan to develop a new fighter jet that uses artificial intelligence.

The prime minister says the joint venture aims to create thousands of UK jobs and strengthen security ties.

The nations will develop a next generation fighter - due to enter service in the mid-2030s - that will eventually replace the Typhoon jet.

It is hoped the new Tempest jet will carry the latest weapons.

Mr Sunak said the partnership would "keep the country safe from the new threats that we face" as he visited RAF Coningsby in Lincolnshire on Friday.

He said: "We're one of the few countries in the world that has the capability to build technologically advanced fighter aircraft."

Work on developing it is already under way - with the aim to create a combat aircraft that will provide speed stealth, use advanced sensors and even artificial intelligence to assist the human pilot when they are overwhelmed, or under extreme stress.

It could also be flown without a pilot's input if required and could be able to fire hypersonic missiles. BBC


Concept art shows what the new fighter jet might look like in the skies.

# Authorities plan to increase the production of husk pellets in Ayeyawady Region

**Pathein December 9**

The department is working to increase the production of rice husk pellets in the Ayeyawady Region, according to the reports of the Ayeyawady Region Consumer Affairs Department on December 5.

As the Ayeyawady Region is the largest rice growing region in Myanmar, more than 5.1 million hectares of rain-fed and summer paddy are cultivated in the region, and more than 400 million baskets of paddy are produced annually. More than 1.8 million tons of husks are produced from the rain-fed and summer paddy.

Currently, 363 gasifiers have been installed and 100 gasifiers are in operation. 400,000 tons of rice husks are being used for 463 gasifiers, and 100,000 tons of rice husks are being used for 23 pelletizer machines in the region.

Therefore, there is an excess of 1.3 million tons of rice husks in Ayeyawady Region.

In the region, 15 percent of the population is living in urban areas and 85 percent in rural areas. Electricity, coal, and gas are used the most in urban areas, and firewood and coal are used the most in rural areas. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပိုလန်နိုင်ငံက ဂျာမနီထံမှ Patriot ဒုံးကျည်များကို လက်ခံရရှိမည်



EU အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံသည် ဂျာမနီထံမှ Patriot ဒုံးကျည်များကို ယူကရိန်းသို့ပေးပို့ရန် ဘာလင်ကို တောင်းဆိုခဲ့ပြီးနောက် ယခုအခါ၎င်းအစား ပိုလန်နိုင်ငံက အဆိုပါစနစ်ကို လက်ခံရရှိတော့မည်ဟု ပိုလန်ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

"ဂျာမနီကာကွယ်ရေးဝန်ကြီးနဲ့စကားပြောပြီးနောက် ယူကရိန်းကိုပံ့ပိုးဖို့ငြင်းဆိုလိုက်တဲ့ဆုံးဖြတ်ချက်ကို အတော်လေး စိတ်ပျက်မိပါတယ်"ဟု ပိုလန်ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က Twitter တွင် ပြောကြားခဲ့သည်။

"ယူကရိန်းအနောက်ပိုင်းမှာ Patriot ဒုံးကျည်တွေတပ်ဖြန့်တာဟာ ပိုလန်နဲ့ ယူကရိန်းလုံခြုံရေးကို တိုးမြှင့်စေပါလိမ့်မယ်။ ဒါကြောင့် ပိုလန်မှာဒုံးပစ်လောင်ချာတွေနေရာချထားမှုနဲ့ပတ်သက်တဲ့ အစီအစဉ်တွေကို ဆက်လက်လုပ်ဆောင်နေပါတယ်။ ပိုလန်မှာ Patriot ဒုံးကျည်စနစ်တွေဖြန့်ကြက်ဖို့ ဂျာမနီရဲ့ကမ်းလှမ်းမှုနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တာ သဘောတူခဲ့ပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့ နေရာချထားရေးနဲ့ လိုအပ်တဲ့အခြေခံအဆောက်အအုံတွေလိုမျိုး အသေးစိတ်အချက်အလက်တွေကို နည်းပညာအဆင့်မှာ ဆွေးနွေးနေပြီး ကင်းထောက်အဖွဲ့တစ်ဖွဲ့ကို ပိုလန်ကို ချက်ချင်းစေလွှတ်မှာဖြစ်ပါတယ်"ဟု ဂျာမနီကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက AFP သို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ပိုလန်နိုင်ငံရှိ ရွာတစ်ရွာကို ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်ထိမှန်ပေါက်ကွဲခဲ့ပြီး လူသေဆုံးမှုများရှိခဲ့သည့်အတွက် ဂျာမနီသည် ပိုလန်တွင် အဆင့်မြင့်အမေရိကန်ထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်ချထားရန်ကမ်းလှမ်းခဲ့သည်။

သို့သော် ယူကရိန်းနိုင်ငံကို ရုရှားဒုံးကျည်တိုက်ခိုက်မှုများမှ ခုခံကာကွယ်ရာတွင် ကူညီရန်အတွက် အဆိုပါစနစ်ကိုယူကရိန်းသို့ ပို့ဆောင်ရန် ဘာလင်အားပိုလန်အာဏာပိုင်များက ပြောကြားခဲ့သည်။ မဟာမိတ်အဖွဲ့၏ ပေါင်းစပ်ကာကွယ်ရေး၏တစ်စိတ်တစ်ပိုင်းဖြစ်သောကြောင့် ယူကရိန်းသို့ Patriot စနစ်ပေးပို့ရန် အဆိုပြုချက်မှန်သမျှကို NATOအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ဆွေးနွေးရမည်ဟု ဂျာမနီကတုံ့ပြန်ခဲ့သည်။ NATO အကြီးအကဲ Jens Stoltenberg ကလည်း "ယူကရိန်းကိုPatriot ဒုံးကျည်ကာကွယ်ရေးတွေ ထောက်ပံ့မလား ဆိုတာကတော့ ဂျာမနီနိုင်ငံကပဲ ဆုံးဖြတ်ရမှာဖြစ်တယ်"ဟု နောက်ပိုင်းမှာ ပြောကြားခဲ့သည်။

NATO မဟာမိတ်များသည် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် ရုရှားကျူးကျော်မှုကို တွန်းလှန်ရန် ယူကရိန်းသို့ ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိ စစ်လက်နက်များဖြန့်ကြက်ပေးထားပြီးဖြစ်သည်။

ဂျာမနီသည် ရုရှားတိုက်ခိုက်မှုများကို တွန်းလှန်ရန်၊ ယူကရိန်းခံစစ်အားကောင်းစေရန် အနောက်နိုင်ငံများ၏ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် တာလတ်ပစ် Iris-T စနစ်ကို ယူကရိန်းအား ထောက်ပံ့ပေးခဲ့သည်။ သို့သော် အမေရိကန်နှင့် အခြား NATO မဟာမိတ်များကတာဝေးပစ် Patriot လက်နက်စနစ်ကိုယူကရိန်းသို့ပေးပို့ရန်တွန်းအားပေးလုပ်ဆောင်နေသည်။

**Poland to Receive Patriot Missiles From Germany ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျပန်ရဟတ်ယာဉ်တင်သင်္ဘော Izumo အမေရိကန်ရေတပ်နှင့်အတူ စစ်ရေးလေ့ကျင့်မှုပြုလုပ်

ဂျပန်နိုင်ငံ ရဟတ်ယာဉ်တင်သင်္ဘော JS Izumo သည် ကန်တိုဒေသတောင်ဘက်တွင် အမေရိကန်ရေတပ်မှ MH-60R Sea Hawk ရဟတ်ယာဉ်ဖြင့် နှစ်နိုင်ငံပူးတွဲ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း ဒီဇင်ဘာ ၇ ရက်တွင် Japan Mod က ထုတ်ဝေသည့် Tweet သတင်းအချက်အလက်များအရ သိရသည်။

JS Izumo (DDH-183) သည် ရဟတ်ယာဉ်တင်သင်္ဘောဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် အပေါ့စားလေယာဉ်တင်သင်္ဘောအဖြစ် ပြောင်းလဲတည်ဆောက်လျက်ရှိသည်။ ဘက်စုံသုံးဖျက်သင်္ဘောအဖြစ်တရားဝင်သတ်မှတ်ထားပြီး Japan Maritime Self-Defense Force (JMSDF) ဂျပန်နိုင်ငံပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ Izumo အတန်းအစားတွင် ဦးဆောင်သင်္ဘောတစ်စီးလည်းဖြစ်သည်။

၂၀၂၀ပြည့်နှစ်တွင် Izumo သည် F-35B တိုက်လေယာဉ်ကို တင်ဆောင်အသုံးပြုရန် ပြုပြင်မွမ်းမံခြင်းများစတင်ခဲ့သည်။ ပြောင်းလဲခြင်းလုပ်ငန်းသည် ပထမအဆင့်အနေဖြင့် ကုန်းပတ်၏ အပူဒဏ်ခံနိုင်ရည်ကို အားကောင်းစေရန်၊ F-35B ထွက်ခွာပျံတက်ချိန်နှင့် ဆိုက်ရောက်ရပ်နားချိန်များတွင် လုပ်ဆောင်နိုင်စေရန်ဓာတ်အားထောက်ပံ့ရေးပစ္စည်းများကို တပ်ဆင်ခြင်းနှင့်အတူ အဆင့်နှစ်ဆင့်ဖြင့်ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

F-35B တိုက်လေယာဉ်ကို ဘေးကင်းစိတ်ချစွာတင်ဆောင်အသုံးပြုနိုင်မှုအတွက် သင်္ဘောကုန်းပတ်ရှေ့ပိုင်းပုံသဏ္ဌာန်ကို လေးထောင့်ပုံအဖြစ်ပြောင်းလဲရန်နှင့် အတွင်းခန်းများကို ကြံ့ခိုင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ ဒုတိယအဆင့်တွင် လုပ်ဆောင်ရန်စီစဉ်ထားသည်။

သင်္ဘောတွင် လေယာဉ် ၂၈ စင်း သို့မဟုတ် အရွယ်အစားပိုကြီးသော လေယာဉ် ၁၄ စင်းထိ တင်ဆောင်နိုင်သည်။ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး (ASW) အတွက် ရဟတ်ယာဉ် ခုနစ်စင်းနှင့်ရှာဖွေကယ်ဆယ်ရေး(SAR)ရဟတ်ယာဉ်နှစ်စင်းသာ တင်ဆောင်သွားရန် ကနဦးအနေဖြင့် စီစဉ်ထားသည်။

အခြားသောစစ်ဆင်ရေးများအတွက် ရေတပ်၊တပ်ဖွဲ့ဝင်ဦးရေ ၄၀၀ နှင့် ၃ ဒသမ ၅ တန်ထရပ်ကား အစီး ၅၀ (သို့မဟုတ် ထိုအလေးချိန်နှင့်ညီမျှသောပစ္စည်း)များကိုလည်း သယ်ဆောင်စစ်ဆင်နိုင်သည်။ လေယာဉ်ကုန်းပတ်တွင် ရဟတ်ယာဉ်ဆင်းသက်ရန်နေရာငါးခုရှိပြီး တစ်ပြိုင်နက်အတက်၊အဆင်းပြုလုပ်နိုင်မည်ဖြစ်သည်။



ဂျပန်နိုင်ငံထုတ် ရဟတ်ယာဉ်တင်သင်္ဘောသည် အရှည် ၂၄၈ မီတာ၊ အကျယ် ၃၈ မီတာနှင့် ကြမ်းခံအနက်အမြင့် ၇ ဒသမ ၅ မီတာရှိပြီး အမြင့်ဆုံးအမြန်နှုန်း 30 knots ထိ ခုတ်မောင်းစစ်ဆင်နိုင်စွမ်းရှိပါသည်။

**Japanese helicopter carrier Izumo completes exercise with US Navy ကို ဘာသာပြန်ဆိုထားပါသည်။**

## အထူးစစ်ဆင်ရေးတွင် ယူကရိန်းတပ်ဖွဲ့ဝင်များနှင့်စစ်လက်နက်ပစ္စည်းအများအပြားဆုံးရှုံးကြောင်း ရုရှားပြောကြား



ယူကရိန်းအထူးစစ်ဆင်ရေးတွင် ယူကရိန်းတပ်မတော်က နိုဝင်ဘာလအတွင်း တပ်ဖွဲ့ဝင် ၈၀၀၀ ကျော်နှင့် စစ်လက်နက်ပစ္စည်းအများအပြားဆုံးရှုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က ဒီဇင်ဘာ ၆ ရက်က အခိုင်အမာပြောကြားခဲ့သည်။ နိုဝင်ဘာလတွင် ယူကရိန်း၏ ဆုံးရှုံးမှုသည် တပ်ဖွဲ့ဝင် ၈၃၀၀ ကျော်၊ လေယာဉ် ငါးစင်း၊ ရဟတ်ယာဉ် ၁၀ စင်း၊ တင့်ကား ၁၄၉ စီးနှင့် သံချပ်ကာတိုက်ခိုက်ရေးယာဉ် ၃၀၀ ကျော်တို့ဖြစ်ကြောင်း Shoigu က ကြေညာခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းစစ်ဌာနချုပ်များနှင့်စစ်ဘက်ဆိုင်ရာ-စက်မှုလုပ်ငန်းအခြေခံအဆောက်အအုံများကို တာဝေးပစ် တိကျပဲ့ထိန်းလက်နက်များအသုံးပြု၍ အကြီးစားတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ယူကရိန်း၏ စစ်ရေးစွမ်းအားအလားအလာကို သိသိသာသာ ထိခိုက်ပျက်စီးစေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စက်တင်ဘာလနှောင်းပိုင်းတွင် ရုရှားက ယူကရိန်းကို စစ်ဆင်ရေးစတင်ချိန်မှစ၍ ယူကရိန်းတပ်ဖွဲ့များသည် စုစုပေါင်းတိုက်ပွဲ ၆၁၀၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း Shoigu ကပြောကြားခဲ့သည်။ ရုရှားတပ်ဖွဲ့များဆုံးရှုံးမှုသည် စစ်သား ၆၀၀၀ ခန့်သာရှိပြီး ၁၀ ဆ လျော့နည်းကြောင်းလည်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

ယူကရိန်းနိုင်ငံသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ အသေအပျောက်စာရင်းများကို တရားဝင်မထုတ်ပြန်ခဲ့သော်လည်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအပေါ် ငြင်းဆိုခဲ့သည်။ ယူကရိန်းစစ်ဘက်သည် တစ်ရက်လျှင် တပ်ဖွဲ့ဝင်အင်အား ၅၀ ခန့်ဆုံးရှုံးနေရသည်ဟု သမ္မတဇလာဒီမာဇီလန်စကီးက စက်တင်ဘာလတွင် ပြောကြားခဲ့သော်လည်း ရုရှားသေဆုံးမှုထက် ငါးဆလျော့နည်းကြောင်း ၎င်းမှတ်ချက်ပြုခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula vonder Leyen က ပဋိပက္ခအတွင်း ယူကရိန်းစစ်ဘက်အရာရှိ ၁၀၀၀၀၀ ကျော်သေဆုံးခဲ့ကြောင်း မိန့်ခွန်းတစ်ရပ်ထဲတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

**Russia issues new estimate of Ukrainian combat losses ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၉၂၄ ဧက စိုက်ပျိုးမည်



ယခုနှစ် မိုးရာသီကစိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၉၂၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် နွေစပါး ၃၉၂၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နွေစပါးများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေစပါးဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ နွေစပါး စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ စိုက်နည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်။ လာမဲ့နွေစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြသည်။

လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် စပါးစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၃၂၀၊ ကလေးဝမြို့နယ်တွင် ၄၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၃၅၆၃ ဧက စုစုပေါင်း ၃၉၂၄ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ကလေးခရိုင်တွင် လာမည့်နွေစပါးစိုက်ပျိုးမည့် တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးလုပ်ငန်းများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကလေးခရိုင်တွင် မိုးစပါးဧက ၁၇၈၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# နောင်ချိုမြို့နယ် ဘန့်ဘွေး-ကျောင်းကုန်း-ညောင်ထောက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နောင်ချို ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဘန့်ဘွေး-ကျောင်းကုန်း-ညောင်ထောက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဝဏ္ဏစိုးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၇၅ ဒသမ ၂၆၁ သန်းဖြင့်ဆောင်ရွက်သည့် ဘန့်ဘွေး-ကျောင်းကုန်း-ညောင်ထောက်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (မြို့ပြ) ဦးဝဏ္ဏစိုးက လမ်းကိုရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နယ် ဘန့်ဘွေး-ကျောင်းကုန်း-ညောင်ထောက်လမ်း အရှည် ၁ ဒသမ ၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၆၀ သန်းဖြင့်လည်းကောင်း၊ အရှည် ၄ ဒသမ ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာ ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၃၃ ဒသမ ၆၅၁ သန်းဖြင့်လည်းကောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းများပြီးစီးသွားသဖြင့် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေးကိစ္စများတွင် မြို့ပြနှင့်အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကိုလည်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း နောင်ချိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဝဏ္ဏစိုးက ပြောပြ၍ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# တောင်တွင်းကြီးမြို့နယ် သာယာစုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုကုန်းကျေးရွာအုပ်စု သာယာစုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၈ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာယာစုကျေးရွာတွင် အကျယ် လေးလက်မ၊ အနက် ပေ ၆၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၁၂၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် နယူးနောင်း ကုမ္ပဏီက တာဝန်ယူ၍ ဇွန်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားသဖြင့် ဘိုကုန်းကျေးရွာအုပ်စု သာယာစုကျေးရွာရှိ အိမ်ခြေ ၆၆ အိမ် လူဦးရေ ၃၃၀ တို့နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး ရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၇၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၈၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၂) ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ မြန်မာနိုင်ငံစားသုံးသူကာကွယ် ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက စားသုံးသူ ကာကွယ်ရေးဥပဒေတွင် စားသုံးသူအခွင့် အရေး ရှစ်ရပ်ကို ပြဋ္ဌာန်းထားသော်လည်း ယနေ့ခေတ်ကာလနှင့်အညီ ပြောင်းလဲ တိုးတက်နေသည်နှင့်အမျှ စားသုံးသူအခွင့် အရေးများသည် တိုးတက်ကျယ်ပြန့်မှုများ ရှိလာကြောင်း၊ စားသုံးသူအခွင့်အရေးများ သည် တိုးတက်ကျယ်ပြန့်လာသကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူများ လိုက်နာ ရမည့်တာဝန်များသည်လည်း ကျယ်ပြန့်လာ သည်ကိုတွေ့ရှိရပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံတွင် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူများလိုက်နာရမည့် တာဝန်များကို စားသုံးသူအများစုက သိရှိခြင်းမရှိသေး သည့်အတွက် စားသုံးသူအသိပညာပေးရေး ကိစ္စများကိုလည်း ကော်မရှင်အနေဖြင့် ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်ရ မည်ဖြစ်ပါကြောင်း။

စားသုံးသူကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်း ထားရှိပြီး ဥပဒေအရ ကော်မတီများကို လုပ်ပိုင်ခွင့်များအပ်နှင်းထားသဖြင့် အဆိုပါ ကော်မတီများအနေဖြင့် စားသုံးသူများနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုများပြားသည်နှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် မိမိ တို့နိုင်ငံအနေဖြင့် အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီနှင့်အတူ လိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါကြောင်း၊ ထို့ပြင် လက်ရှိ ၂၀၂၂ ခုနှစ် တွင် အာဆီယံစားသုံးသူကာကွယ်ရေး ကော်မတီ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက လွှဲပြောင်းတာဝန်ယူဆောင် ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ဝင်များအနေ ဖြင့် စားသုံးသူအသိပညာပေးရေးကဏ္ဍ အပါအဝင် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သော အစီအမံများကို အခါအားလျော်စွာ ဖော်ထုတ်ဆွေးနွေးကြ စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ယခင်လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စားသုံး သူတိုင်ကြားမှုများနှင့်စပ်လျဉ်း၍ အယူခံ ဝင်ရောက်မှုအပေါ် ဆုံးဖြတ်ရန်ကိစ္စများ၊ ကော်မရှင်က အဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်း တင်ပြရာ တင်ပြချက်များအပေါ် ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင် အဖွဲ့ဝင်များက ဆွေးနွေးပြီး ဆုံးဖြတ်ချက် များချမှတ်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူ ရေးရာကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ နီးနှောဖလှယ်ပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၉**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့ တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ၏ မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာ့တိုင်းရင်းဆေး ပညာနီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား တွင် သဘာပတိအဖြစ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်း ဆေးပညာနီးနှောဖလှယ်ပွဲ ကျင်းပရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေး ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင် ဆရာကြီး ဦးဝထွန်း၊ ပါမောက္ခချုပ်(ငြိမ်း) ဆေးဝါး တက္ကသိုလ်မှ ပါမောက္ခဒေါက်တာစန်းစန်းနွဲ့ တို့ကဆောင်ရွက်ကာ သဘာပတိက အဖွင့် အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ အားလုံးနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နီးနှောဖလှယ်ပွဲတွင် ပါမောက္ခချုပ် (ငြိမ်း) ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များ အဖြစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာကြီးဦးဝထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်တို့က ဆောင်ရွက်သည်။

ထို့နောက် ရိုးရာတိုင်းရင်းဆေးကုထုံး နည်းစနစ်များနှင့် ဆေးဝါးများကိုလက်တွေ့ အသုံးချနိုင်ရေးအတွက် စနစ်တကျ ဖော်ထုတ်နိုင်ရန် စာတမ်းများဖတ်ကြား ဆွေးနွေးကြရာ ကချင်ပြည်နယ် ညီလာခံ ကိုယ်စားလှယ် ဆရာမကြီးဒေါ်ကြည်ငွေး က"ရိုးရာဆေးအစ်ဖြင့်လှည့်လည် အသုံးပြု ကုသမှု"၊ တိုင်းရင်းဆေးတက္ကသိုလ် ခန္ဓာ ဗေဒဌာန ကထိက၊ ဌာနမှူး(ငြိမ်း) ဒေါက်တာ နွယ့်ဝင်းက "နက္ခတ္တနယဆေးပညာပိုင်းဝန်း ဖော်ထုတ်ထိန်းသိမ်းပါ"၊ ကရင်ပြည်နယ်မှ ဒေါက်တာသီသီထိုက်က "ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ ကျေးရွာများတွင် အသုံးပြုနေသော ဆေးဖက်ဝင်အပင်အချို့ ကိုလေ့လာခြင်း"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသိန်းဇော်က "သွပ်ပြာစီရင်ခြင်းနှင့် သွပ်ပြာအသုံးပြုပုံများအား လေ့လာတင်ပြ ခြင်း"၊ ရှမ်းပြည်နယ်ညီလာခံကိုယ်စားလှယ် ဦးမင်းဟန်က "ရှမ်းရိုးရာ ထယ်နင်း "ယိမ့်ထိုင်" အပူပေးကုသမှု" ကိုဖော်ထုတ် လေ့လာခြင်း"စာတမ်းများ ဖတ်ကြား ကြသည်။

မွန်းလွဲပိုင်းတွင် နီးနှောဖလှယ်ပွဲ ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီနာယက ဆရာကြီးဦးမြင့်လွင် က သဘာပတိအဖြစ်ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်း ဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာဦးအောင်မြတ်ကျော်နှင့် တိုင်းရင်းဆေး တက္ကသိုလ်မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းတို့ကဆောင်ရွက် ပြီး ကချင်ပြည်နယ် မြစ်ကြီးနားမှ ဆွမ်ဒူ ဇော်နော်နှင့်အဖွဲ့က "ကချင်တိုင်းရင်းသား များ၏ ရိုးရာအာဟာရဖြည့်စွက်စာ"၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညီလာခံ ကိုယ်စားလှယ် ဒေါ်ဥမ္မာမြတ်က "သင်အံ ကျက်မှတ် လက်ဆင့်ကမ်းလာ တြိသတ် ကုထုံးလင်္ကာ"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်နှင်းဆီက "အစွမ်းထက်သော ဆေးပင် အကြောင်း သို့မဟုတ် ပတ္တမြားစန္ဒိပင်"၊ ရခိုင်ပြည်နယ် တောင်ကုတ်မှ ဦးလှမြင့်အောင် နှင့်အဖွဲ့က "ရခိုင်ရိုးရာဓာတ်ငုပ်နာကုထုံး"၊ တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခ ချုပ်(ငြိမ်း) ဦးဝင်းစိုးက "မြန်မာ့အာယုဗ္ဗေဒ ဆေးပညာနှင့် အပိန်အဝပြဿနာလာ အပိန်အဝနှင့်ပတ်သက်သည့် ဆောင်ပုဒ် လင်္ကာများအား စာပေသုတေသနအမြင် ဖြင့်လေ့လာခြင်း" စာတမ်းများ ဖတ်ကြားပြီး နီးနှောဖလှယ်ပွဲ တက်ရောက်လာကြသူများ က စာတမ်းများနှင့်ပတ်သက်၍ မေးမြန်း ဆွေးနွေးအကြံပြုကြကာ ပညာရပ်များ နီးနှောဖလှယ်ကြသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေး ပညာနီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနား တွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးကဆောင်ရွက်ပြီး (၂၁)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးခဲ့ ကြသူများ၊ စာတမ်းရှင်များ၊ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်များကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ညီလာခံနှင့်နီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင် ပံ့ပိုးကူညီပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ယခုကဲ့သို့ စုပေါင်းအားဖြင့် ဆက်လက်ဆောင်ရွက်ကြရန် ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm)"မန်းဒပ်(စ်) (MANDOUS)"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက် တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းလွန်-ပူဒူချယ်ရီကမ်းခြေ)တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) "မန်းဒပ်(စ်)(MANDOUS)" အဖြစ် သို့ အားလျော့သွားခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၃၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၈၁၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၁၁၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ တော်ဝင်သံတဲကျောင်းဆောင် ရှေးဟောင်းအမွေအနှစ် ကမ္ပည်းမော်ကွန်းကြေးပြားတပ်ဆင်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် တော်ဝင်သံတဲကျောင်းဆောင်တွင် ရှေးဟောင်းအမွေအနှစ် ကမ္ပည်းမော်ကွန်းကြေးပြားတပ်ဆင်ခြင်း အခမ်းအနားကို အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သံတဲကျောင်းဝင်း အတွင်း၌ ယနေ့နံနက် ၈ နာရီကကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တော်ဝင်သံတဲကျောင်းတော်သည် မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သီပေါမင်းအပါအဝင် မင်းညီမင်းသားများကို လက်တင်စာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သင်္ချာ၊ နိုင်ငံသမိုင်း စသောဘာသာရပ်များကို သင်ယူနိုင်ရန် ၁၈၆၉ ခုနှစ်တွင် ဒေါက်တာမတ်ကို ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းတော်ကြီးဖြစ်ပြီး နှစ်တစ်ရာကျော်သက်တမ်းရှိပြီဟု သိရှိရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့အမွေအနှစ်နှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း တင်သွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း။

ထို့ကြောင့် ရှေးဟောင်းအမွေအနှစ်များကို ပြည်သူများသိရှိလေးစားတန်ဖိုးထားတတ်စေရန်အတွက် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းသာမက သက်ဆိုင်ရာဌာနအသီးသီးနှင့် အများပြည်သူများကလည်း အမျိုးသားရေး လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍအသီးသီးမှ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်၍ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄(ခ)အရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကိုလိုနီခေတ်အဆောက်အအုံ ၃၃လုံးကို ဇြေ ၈ ရက်တွင် ရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ခဲ့ရာ ယခုကျောင်းတော်ကြီးလည်းအပါအဝင်ဖြစ်သောကြောင့် မန္တလေးမြို့အတွင်းရှိ ရှေးဟောင်းအမွေအနှစ်များကို ရေရှည်တည်တံ့စေရန် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တော်ဝင်သံတဲကျောင်း အပေါ်ထပ်ရှိ ရတနာပုံခေတ်ပြခန်း၊ ဒိုင်အိုစီဇင်ဓာတ်ပုံပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းနေရာများကို သွားရောက်လေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသည့်အခန်းကဏ္ဍ၌ ပါဝင်နေသဖြင့် နိုင်ငံတစ်ဝန်း ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးရန် ရရှိနိုင်သမျှသော စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားထုတ်လုပ်နိုင်ရန် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရန် ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ROSATOM မှ ကိုယ်စားလှယ်နှင့် အဖွဲ့သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း စီမံကိန်းလုပ်ငန်းနေရာများသို့ လေ့လာကြည့်ရှုကြသည်။

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation "ROSATOM" မှ ကိုယ်စားလှယ်အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ စူးစမ်းလေ့လာရေးဌာနခွဲနှင့် ဘူမိဗေဒဌာနခွဲတို့မှ တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ဇီးရိုင်းကျေးရွာ သစ်တော်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ၊ ပေါင်းလောင်းရေလှောင်တမံအနီးရှိ မြေနေရာတို့ကို အပူစွမ်းအင်ဆိုင်ရာစီမံကိန်းတို့နှင့်ဆက်စပ်သော ကျောက်သား Mechanic ဆိုင်ရာများ လေ့လာခြင်း၊ ရေရရှိနိုင်မှု၊ လျှောင်နှင့်ပြတ်ရွေ့များ လေ့လာခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုဘဝနေထိုင်မှုတို့ကို လေ့လာကြသည်။

ထို့နောက် ပေါင်းလောင်းရေလှောင်တမံ၌ ရေဝင်ရောက်မှု၊ တမံတည်ဆောက်ထားရှိမှုနှင့် တမံအမြင့် စသည်တို့ကို လေ့လာပြီး စီမံကိန်းတည်ဆောက်မည့်နေရာနှင့်ပတ်သက်၍ မြေနေရာရွေးချယ်ဆောင်ရွက်မှုအား သက်ရောက်နိုင်မှုတို့ကို လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လုပ်၍ ထွက်ရှိလာသော ရေများကို ဆက်လက်အသုံးပြုနိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသော အသေးစားရေအားလျှပ်စစ် စီမံကိန်းနေရာကိုလည်း လေ့လာကြည့်ရှုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံကာ လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ အသေးစိတ် Seismic တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မိမိတို့ပြုစုထားရှိသည့် တိုင်းတွာရရှိချက်များကိုလည်းကောင်း၊ လျာထားစီမံကိန်းနေရာများ၏ လျှောင်ပြတ်ရွေ့ကြောအခြေအနေများကိုလည်းကောင်း၊ အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျွမ်းကျင်ပညာရှင်များအဖွဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းခဲ့သည်။

"ပုဂံကို ရုံးဖွင့်ရက်ရော ပိတ်ရက်တွေမှာပါ လာရောက်လည်ပတ်ကြတယ်။ လူမပြတ်ဘူး။ နိုင်ငံခြားခရီးသွားတွေလဲ လေကြောင်းနဲ့ရော ကုန်းလမ်းကပါ အောက်တိုဘာလကစပြီး ဝင်တာ အခု ဒီဇင်ဘာလထိပါပဲ။ အခါကြီးရက်ကြီး ပိတ်ရက်ရှည်ဆိုရင် ပြည်တွင်းခရီးသွားတွေများတယ်။ ခရစ္စမတ်နဲ့ နှစ်သစ်ကူးမှာ လာရောက်လည်ပတ်ဖို့ ဟိုတယ်၊ မိုတယ်တွေက ဒေသအစားအစာနဲ့ ဖျော်ဖြေရေးပွဲတွေပြီး ဝန်ဆောင်မှုပုံစံအသစ်တွေနဲ့ ပရိုမိုးရှင်းပေးဖို့ ကြိုတင်ပြင်ဆင်နေကြပါပြီ။ နောင်နှစ်သကြၤန်ကာလထိ ခရီးသွားတွေ တဖွဲဖွဲဝင်လာမှာဖြစ်လို့ ဟိုတယ်၊ မိုတယ်နဲ့ တည်းခိုခန်းတွေမှာ နှစ်သစ်ကူးပွဲတော်အတွက် အခန်းတွေကြိုတင်ယူထားကြပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပြည်တွင်းပြည်ပခရီးသွားများ စိတ်အေးချမ်းသာစွာ တည်းခိုလည်ပတ်နိုင်ရန် ပုဂံ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၅၄ လုံး နှင့် စည်ပင်သာယာက ကြီးကြပ်ဆောင်ရွက်သည့် တည်းခိုခန်းပေါင်း ၇၅ ခုရှိကြောင်း သိရသည်။

"ပုဂံမှာ ခရီးသွားလုပ်ငန်းက အဓိကဆိုတော့ ခရီးသွားဝင်ရောက်ဖို့ဆိုရင် အပြိုင်အဆိုင် ဝန်ဆောင်မှုပေးကြတယ်။ လာမယ့် နှစ်ဆန်းပိုင်း ပြာသိုလပြည့် အာနန္ဒာဘုရားပွဲမှာ ပြည်တွင်းပြည်ပခရီးသွား ဝင်ရောက်မှု များနိုင်ပါတယ်။ ဒီဇင်ဘာလ နှစ်သစ်ကူးမှာလဲ ခရီးသွားတွေဝင်လာဖို့ ရှိတာကြောင့် ဟိုတယ်တွေမှာ ကြိုတင်အခန်းတွေ ယူနေကြပါပြီ။ တချို့ဆိုရင် မိသားစုလိုက် ယူထားကြပါတယ်"ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ယခုနှစ်ခရီးသွားရာသီအတွက် မိသားစုလိုက်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းများဖြင့်ဖြစ်စေ အုပ်စုဖွဲ့တည်းခိုနိုင်ရန် နံနက်စာအပါအဝင် အဲကွန်းခန်းကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ ဝန်ဆောင်မှုပုံစံသစ်ဖြင့်လည်းကောင်း၊ စားသောက်ခန်း၌ မြန်မာ့ဆိုင်းဝိုင်းနှင့် တေးဂီတအပါအဝင် ပုဂံယဉ်ကျေးမှုအငွေ့အသက်တို့ပါဝင်သော ဖျော်ဖြေမှုတို့ဖြင့်လည်းကောင်း ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး အနိုင်ရပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်လွှဲပြောင်းပေးနိုင်ရေးအတွက် လူဦးရေစာရင်းမှန်ကန်ရေးသည် လွန်စွာအရေးကြီး





ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးရန်အတွက် ဖွဲ့စည်းထားသည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးရန်အတွက် ဖွဲ့စည်းထားသည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် အရေးကြီးဆုံးလုပ်ငန်းစဉ်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး အနိုင်ရပါတီကိုဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်လွှဲပြောင်းပေးနိုင်ရေးအတွက် လူဦးရေစာရင်းမှန်ကန်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ လူဦးရေစာရင်းမှန်ကန်မှသာ အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်မည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ မိမိတို့ဝန်ကြီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီဆောင်ရွက်မှုကိုရယူကာ လူဝင်မှုကြီးကြပ်ရေး မြို့နယ်ဦးစီးမှူးရုံးများတွင်ရှိသည့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ်(နိုင်-၄)မှတ်တမ်းများကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) ပါအချက်အလက်များကို ဒုတိယအဆင့်အနေဖြင့်လည်းကောင်း၊ နည်းပညာအသုံးပြု၍ နေပြည်တော်ရုံးချုပ်ရှိ Server အတွင်းသို့ ဖြည့်သွင်းခြင်းလုပ်ငန်းကို ယခုအခါ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ယင်းစာရင်း အချက်အလက်များအပေါ် မူတည်၍ တတိယအဆင့်အနေဖြင့် လူဦးရေစာရင်း မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်စီမံချက် ဖြစ်သည့်အတွက် ကြီးကြပ်မှု ဗဟိုကော်မတီအနေဖြင့် ကော်မတီအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကော်မတီအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် ကြီးကြပ်မှုဗဟိုကော်မတီဝင်များက အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က သင်တန်းစီမံချက်နှင့် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးစီမံချက်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာ အုပ်ချုပ်မှုစီမံချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ကြီးကြပ်မှုဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက ကြိုတင်စီမံဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင်ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းအောင်မြင်ရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခုလုပ်ငန်းစဉ်သည် နိုင်ငံတော်၏ အနာဂတ်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံတော်စီမံချက်တစ်ခုဖြစ်သည်နှင့်အညီ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အားလုံးကကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တက်ကြွစွာ ပူးပေါင်းကူညီဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယခင်အစိုးရကာလများမှ ယခုကာလထိ စည်းကမ်းချက်မကိုက်ညီ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်သိမ်းဆည်းခဲ့ရသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧကပေါင်း ၁၆ သိန်းခန့်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံလမ်းညွှန်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်နှင့် ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME) ထုတ်ကုန်ပစ္စည်းများ မြှင့်တင်ဆောင်ရွက်ပြီး ဒေသတွင်း စီးပွားရေးတိုးတက်စေရန် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေများကို အပြည့်အဝ အသုံးချလုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၈/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။





အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးရမည့် လုပ်ငန်းစာတွဲများကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီးဖြစ်သော ခွင့်ပြုဧရိယာများအပေါ် သတ်မှတ်စည်းကမ်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရန် သတ်မှတ်အချိန်ကာလများ ရောက်ရှိနေပြီဖြစ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများကလည်း အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်ထိ တစ်ဆက်တည်း မြေခွန်စည်းကြပ်ကောက်ခံမှုအပေါ် မြေခွန်ပေးသွင်းရန် ပျက်ကွက်နေမှုများကိုလည်း စိစစ်၍ထိုက်သင့်သည့် အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အလားတူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ အပိုဒ် ၁၆(ဂ)အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း ပြုလုပ်ခွင့်မရှိကြောင်း၊ ယခင်အစိုးရကာလများမှ ယခုကာလထိ စည်းကမ်းချက်မကိုက်ညီ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်သိမ်းဆည်းခဲ့ရသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧကပေါင်း ၁၆ သိန်းခန့်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ဆက်သွယ်ရာဗဟိုဌာနအဖြစ် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နိုင်ငံဆိုင်ရာ အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူဦးရေ ၆၈၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူဦးရေ ၉၆၃၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၇၀၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၂၉၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

# ဒီဇင်ဘာ ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၁၀၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၄၀၀ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၉၃၂ ဦး |

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂါလီဒုက္ခသည်စခန်းမှ ထွက်ခွာလာသူများကို ကယ်ဆယ်ရေးဆောင်ရွက်ပေး



ဘင်္ဂါလီလူမျိုးများကို HAI DUONG 38 ရေယာဉ်မှ လွှဲပြောင်းပေးနေမှု မှတ်တမ်းဓာတ်ပုံ။



ဘင်္ဂါလီလူမျိုးများကို ဆေးကုသပေးနေမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited မှ အထောက်အကူပြုရေယာဉ်များဖြစ်သည့် HAI DUONG 29နှင့် HAI DUONG 38ရေယာဉ်တို့သည် ဇောတိကစီမံကိန်းကမ်းလွန်လုပ်ကွက်၌ လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံရေပြင်အတွင်း ဖြတ်သန်းလာစဉ် ဒီဇင်ဘာ ၇ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် မြိတ်မြို့၏ အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်အကွာသို့အရောက်၌ ဘင်္ဂါလီလူမျိုးများတင်ဆောင်လာသည့် လှေတစ်စီးသည် ရေဝင်၍ နစ်မြုပ်လုနီးပါးဖြစ်နေသည်ကို တွေ့ရှိရသဖြင့် ကယ်ဆယ်ထားကြောင်း တပ်မတော်(ရေ)မှ လုံခြုံရေးစစ်ရေယာဉ်များသို့ သတင်းပေးပို့လာခဲ့သည်။

သတင်းရလျှင်ရချင်း တပ်မတော်(ရေ)မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကော်ဗက်အမျိုးအစား စစ်ရေယာဉ်ကို စေလွှတ်ခေါ်ဆောင်စေခဲ့ရာ ည ၁၀ နာရီခန့်တွင် မြိတ်မြို့၏အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်အကွာ၌ HAI DUONG 38 ရေယာဉ်နှင့်တွေ့ဆုံခဲ့ပြီး ဘင်္ဂါလီလူမျိုး လူကြီးကျား ၈၃ ဦး၊ မ ဦးရေ ၄၀၊ ကလေး ကျား ၂၃ ဦး၊ မ ရှစ်ဦး စုစုပေါင်း ၁၅၄ ဦးတို့ကို စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပြီး အစားအသောက်များ ထောက်ပံ့ကျွေးမွေးခေါ်ဆောင်လာခဲ့သည်။

အထက်ပါ ဘင်္ဂါလီလူမျိုးများကို မြိတ်မြို့ အနောက်မြောက်ဘက် ၈ ဒသမ ၅ မိုင်ခန့်အကွာတွင် ကျောက်ချရပ်နား၍ မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ပါဝင်သောအဖွဲ့စုံဖြင့် ရေယာဉ်ပေါ်၌ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



ဘင်္ဂါလီလူမျိုးများကို စစ်ရေယာဉ်ဖြင့် လွှဲပြောင်းကယ်ဆယ်လာမှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါဘင်္ဂါလီလူမျိုးများသည် ဘင်္ဂါလီစကားတစ်မျိုးတည်းသာ ပြောဆိုတတ်ပြီး ကနဦးမေးမြန်းချက်အရ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင်ဒေါ့ကာစီဒုက္ခသည်စခန်းများမှဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းအတွင်း လူဦးရေများပြားခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် စားနပ်ရိက္ခာမလုံလောက်ခြင်းတို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်ရန်အတွက် လိုက်ပါလိုသူမိသားစုများထံမှတာကာငွေကျပ် ၁၀ သိန်းကောက်ခံပြီး စက်လှေ တစ်စီး ဝယ်ယူခဲ့ကြောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် အဆိုပါစက်လှေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees – UNHCR)မှ ထုတ်ပေးထားသည့် ဒုက္ခသည်ကတ်များ ကိုင်ဆောင်ထားရှိကြောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် လှေအတွင်းသို့ ရေများဝင်ရောက်၍ နစ်မြုပ်နေစဉ် HAI DUONG 38 ရေယာဉ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်းနှင့် လှေပေါ်ပါသူအားလုံး အသက်ရှင်လျက်ရှိကြောင်း သိရသည်။

ယင်းဘင်္ဂါလီလူမျိုးများကို မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ပါဝင်သော အဖွဲ့စုံဖြင့် စစ်ဆေးမေးမြန်းမှုများဆောင်ရွက်ပြီးပါက စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ(ယ)ရပ်ကွက်နေ ရတနာဖြိုးသည် ၎င်းအသုံးပြုသည့် "Yandar Phyo" Facebook အကောင့်၊ ရေစကြိုမြို့နယ် စဉ့်ကိုင်ကျေးရွာနေ ချမ်းမင်းစိုးသည် ၎င်းအသုံးပြုသည့် "Chan Min Soe" Facebookအကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဒေးဝန်းရပ်ကွက်နေ ရဲရင့်အောင်(ခ)ရဲလေး၊ ဘိုမင်းခန့်(ခ)မင်းခန့်၊ (က)ရပ်ကွက်နေ လှိုင်မျိုးထက်(ခ)လှိုင်ကြီးနှင့် ရပ်ကွက်ကြီး(၁၂)ရပ်ကွက်နေ ငြိမ်းချမ်းမောင်(ခ)ကောင်းကောင်းတို့သည် ၎င်းတို့အသုံးပြုသည့် "Ye Yint Aung"Facebook အကောင့်၊ "Minn Khant" Facebook အကောင့်၊ "Hlaing Gyee" Facebook အကောင့်နှင့် "Kaung Kaung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ "Su Myat Phone Kyaw" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျိုက်ပိုးကျေးရွာနေ "Min Min Thann" Facebookအကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အောက်ကျင်းရပ်ကွက်နေ ဝင်းနိုင်ထွန်း(ခ)အစိတ်သည် ၎င်းအသုံးပြုသည့် "Win Naing Htun"Facebookအကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အိန္ဒိယသမုဒ္ဒရာအတွင်း စစ်လက်ရုံးဆန့်တန်းလာသော တရုတ်နိုင်ငံ

အမေရိကန်နိုင်ငံက ထုတ်ပြန်ထားသော တရုတ်နိုင်ငံ၏စစ်ရေးစွမ်းအားဆိုင်ရာအစီရင်ခံစာ (၂၀၂၂) ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLAN) သည် အရေအတွက်အားဖြင့် ကမ္ဘာပေါ်တွင် အကြီးမားဆုံးတပ်ဖွဲ့ဖြစ်သည်ဟုဆိုသည်။ ဂျီဘူတီရှိ PLA ထောက်ပံ့ရေးအခြေစိုက်စခန်းသည် တရုတ်နိုင်ငံကို ပိုမိုအလှမ်းကွာဝေးသောနေရာ၌ စဉ်ဆက်မပြတ်စစ်အင်အားဖြန့်ကြက်ထားနိုင်သည့် စွမ်းဆောင်ရည် ဖြည့်တင်းပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

PLA သည် အရှည် မီတာ ၃၀၀ ရှိသော ဆိပ်ကမ်းနယ်မြေကို တည်ဆောက်လျက်ရှိပြီး ၎င်းဆိပ်ကမ်းသည် လက်ရှိအချိန်တွင် လေယာဉ်တင်သင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ ကမ်းထိုးရေယာဉ်များ ဆိုက်ကပ်ရပ်နားနိုင်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ တရုတ်နိုင်ငံသည် စစ်ရေယာဉ်များနှင့်ရေငုပ်သင်္ဘောများအတွက် လွန်းကျင်းနှင့် ပြုပြင်ရေးအဆောက်အအုံများ ထပ်မံတည်ဆောက်သွားဖွယ်ရာရှိကြောင်း ကျွမ်းကျင်ပညာရှင်များက ထောက်ပြပြောဆိုလျက်ရှိသည်။ ထောက်ပံ့ရေးအခြေစိုက်စခန်းသည် ၂၀၁၇ ခုနှစ်တွင် တရားဝင်စတင်ဖွင့်လှစ်ကတည်းက ဆိပ်ခံတံတားအသစ်များ တည်ဆောက်လျက်ရှိပြီး မြေအောက်အိုလက်ထရွန်နစ်နှင့် ဆိုက်ဘာလုံခြုံရေး အဆောက်အအုံများလည်း တည်ဆောက်လျက်ရှိသည်ဟု သံသယဖြစ်ပေါ်လျက်ရှိသည်။ ထောက်ပံ့ရေးအခြေစိုက်စခန်းသည် ဒေသတွင်း၌ တရုတ်ရေတပ်၏တည်ရှိမှုကိုပြသနိုင်ရန် စစ်ရေးလေ့ကျင့်ခန်းများနှင့်လှုပ်ရှားဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ဂျီဘူတီဆိပ်ကမ်းကို အုပ်ချုပ်ထောက်ပံ့ရေးအဆောက်အအုံ သို့မဟုတ် ထောက်ပံ့ရေးအခြေစိုက်စခန်းအဖြစ် နိုင်ငံတကာအသိုက်အဝန်းသို့ထုတ်ဖော်ပြောကြားထားသော်လည်း ၎င်းဆိပ်ကမ်းသည် ရေတပ်အခြေစိုက်စခန်းဖြစ်လာသည်ကို နောက်ဆုံးဆောင်ရွက်နေသောလှုပ်ရှားမှုများက သက်သေပြသလျက်ရှိသည်။ တရုတ်နိုင်ငံသည် စီးပွားရေးနှင့်ကုန်သွယ်ရေးလှုပ်ရှားမှုများမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာဒေသ(IOR)တွင် ၎င်း၏တည်ရှိမှုတိုးချဲ့ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် ဂျီဘူတီဆိပ်ကမ်းတွင် ဆိပ်ခံတံတားအသစ်များ ထပ်မံတည်ဆောက်ပြီးနောက် အိန္ဒိယကမ်းခြေများအနီးတွင် တရုတ်ရေငုပ်သင်္ဘောများနှင့် ရေကြောင်းတိုင်းတာရေးသင်္ဘောများ တိုးမြှင့်ဖြန့်ကြက်လာခြင်းသည် အိန္ဒိယအတွက် စိုးရိမ်ပူပန်မှု မြင့်တက်လာစေလျက်ရှိသည်။

PLAN သည် ၂၀၀၉ ခုနှစ်ကတည်းက အိန္ဒိယသမုဒ္ဒရာအတွင်းတည်ရှိမှုကို ပိုမိုတိုးချဲ့လာလျက်ရှိသည်။ အေဒင်ပင်လယ်ကွေ့အတွင်း ပင်လယ်ဓားပြတိုက်ခိုက်မှုများနှင့်ဆက်ကြေးကောက်ခံရေးအတွက် သင်္ဘောများပြန်ပေးဆွဲမှုများရှိနေခြင်းသည် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်နှင့် ကုန်သွယ်မှုလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်ပေါ်စေလျက်ရှိသည့်အချိန်တွင် တရုတ်နိုင်ငံသည် ဒေသတွင်းရေပိုင်နက်ကိုစောင့်ကြပ်နိုင်ရေး နိုင်ငံတကာ၏ပူးပေါင်းကြိုးပမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်၌ ပင်လျှင် အိန္ဒိယသမုဒ္ဒရာအတွင်း PLAN တည်ရှိမှုသည် စီးပွားရေးလုပ်ငန်းများနှင့်ပင်လယ်ရေကြောင်းကုန်သွယ်မှု လုံခြုံမှုရှိစေရန်ဖြစ်သည်ဟုဆိုသည်။ ၂၀၁၃ ခုနှစ်ကတည်းက တရုတ်ရေငုပ်သင်္ဘောများသည် အိန္ဒိယသမုဒ္ဒရာအတွင်းရောက်ရှိနေပြီး ပင်လယ်ဓားပြနှိမ်နင်းရေးအတွက် တပ်ဖြန့်ချထားခြင်းဖြစ်သည်ဟုဆိုသည်။

တရုတ်ရေငုပ်သင်္ဘောများသည် အိန္ဒိယသမုဒ္ဒရာသို့ရောက်ရှိရန် မလက္ကာ၊ လွန်ဘော့ခ် သို့မဟုတ် ဆန်းဒါးရေလက်ကြားတို့ကို အသုံးပြုလေ့ရှိသည်။ ဆန်းဒါးရေလက်ကြားသည် အနက်မီတာ ၅၀ သာ



ရှိသောကြောင့် ရေတိမ်နေသည်။ ဆန်းဒါးကမ်းဦးရေတိမ်ပိုင်းတွင် သဲသောင်ကမ်းပါးများနှင့် ရေနံတူးစင်များရှိနေသည့်အပြင် ငါးဖမ်းသင်္ဘောများရှိနေခြင်းသည် ရေငုပ်သင်္ဘောများ သွားလာရန်ခက်ခဲသည်။ လွန်ဘော့ခ်ရေလက်ကြားသည် ရေငုပ်သင်္ဘောများပုံမှန်လှုပ်ရှားသွားလာနိုင်သည်ထိ ရေစူးနက်သည်။ မလက္ကာရေလက်ကြားသည် တရုတ်ရေငုပ်သင်္ဘောများ ဘေးကင်းလုံခြုံစွာ လှုပ်ရှားသွားလာနိုင်ရေးအတွက် ရေပြင်လမ်းကြောင်းရှာဖွေမှု လုပ်ဆောင်သွားရန် လိုအပ်သည်။

PLAN ၏ စူးစမ်းလေ့လာရေးနှင့်ရေကြောင်းတိုင်းတာရေးသင်္ဘောများနှင့်အတူ အိန္ဒိယသမုဒ္ဒရာအတွင်း ရေငုပ်သင်္ဘောများတပ်ဖြန့်ချထားမှုကို ၂၀၁၇ ခုနှစ်ကတည်းက ပုံမှန်လုပ်ဆောင်လာခဲ့သည်။ အိန္ဒိယသတင်းမီဒီယာများ၏အဆိုအရ ၂၀၁၇ ခုနှစ်အတွင်း PLAN ၏Type 636 A ရေကြောင်းတိုင်းတာရေးသင်္ဘော Haiyang Class 22 သည် အိန္ဒိယသမုဒ္ဒရာတွင်း စူးစမ်းတိုင်းတာမှုများလုပ်ဆောင်ခဲ့ရာ ရေငုပ်သင်္ဘောစစ်ဆင်ရေးအတွက် ရေကြောင်းလမ်းပြမြေပုံရေးဆွဲခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၁၈ ခုနှစ်တွင် PLAN ၏ခေတ်မီ Type 625C Shiyan 3 ပင်လယ်သမုဒ္ဒရာစူးစမ်းတိုင်းတာရေးသင်္ဘောသည် အိန္ဒိယနှင့် ဩစတြေးလျတို့အတွက် ရေငုပ်သင်္ဘောစစ်ဆင်ရေးဆောင်ရွက်ရာတွင် အရေးပါသောနေရာများအဖြစ် သဘောထားသည့်ဘင်္ဂလားပင်လယ်အော်၊ အာရေဘီယံပင်လယ်နှင့် အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်းရေပြင်တို့တွင် စူးစမ်းလေ့လာရေးလုပ်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံသည် ရေအောက်သဘာဝပတ်ဝန်းကျင်၊ ပင်လယ်ရေအပူချိန်နှင့်ဆားဓာတ်ပါဝင်မှုတို့ကိုလေ့လာနိုင်ရန် အိန္ဒိယသမုဒ္ဒရာအတွင်း ရေအောက်ဒရုန်းတပ်ဖွဲ့ကိုလည်း တပ်ဖြန့်ချထားလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် တရုတ်ရေငုပ်သင်္ဘောများ၏ အာရုံခံနိုင်မှုစွမ်းဆောင်ရည်မြင့်တက်စေမည့်အပြင် တရုတ်နိုင်ငံ၏ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး(ASW)ဆိုင်ရာပစ္စည်းများ၏ စုံစမ်းထောက်လှမ်းနိုင်မှုစွမ်းဆောင်ရည်ကိုလည်း မြင့်တက်လာစေမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေဆီပြည်နယ်၌ ငါးဖမ်းသမားတစ်ဦးက Haiyi မောင်းသူမဲ့ယာဉ်ကို သိမ်းဆည်းရမိသည့်အချိန်တွင် တရုတ်နိုင်ငံ၏ပင်လယ်ပြင်မောင်းသူမဲ့ယာဉ်အသုံးပြုနေမှုကို ကမ္ဘာ့မီဒီယာများ၌ ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံသည် မျိုးဆက်သစ် ရေအောက်မောင်းသူမဲ့ယာဉ်များထုတ်လုပ်ရန် အလေးထားဆောင်ရွက်လျက်ရှိပြီး လက်ရှိတည်ဆောက်လျက်ရှိသော ရေအောက်မောင်းသူမဲ့ယာဉ်သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ရေငုပ်သင်္ဘောများကိုထောက်လှမ်းခြေရာခံနိုင်စွမ်းရှိသောကြောင့် တရုတ်နိုင်ငံအတွက် အပြောင်းအလဲတစ်ရပ်ပင်ဖြစ်သည်။

တရုတ်နိုင်ငံပိုင် ရေကြောင်းတိုင်းတာရေးနှင့် စူးစမ်းလေ့လာရေးသင်္ဘောများ များပြားလာခြင်းသည် အနာဂတ်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ် SSBNs နှင့် SSNs များတပ်ဖြန့်ချထားရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ PLAN ရေငုပ်သင်္ဘောများ၏ လှုပ်ရှားသွားလာမှုများကို စောင့်ကြည့်နေသော အမေရိကန်ရေတပ်နှင့် ဂျပန်ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ရေငုပ်သင်္ဘောများအပြင် ASW များလှုပ်ရှားသွားလျက်ရှိသည့် အနောက်ပစိဖိတ်နှင့်မတူညီသော အိန္ဒိယသမုဒ္ဒရာသည် တရုတ်ရေငုပ်သင်္ဘောများ လှုပ်ရှားသွားလာရေးအတွက် ဘေးကင်းလုံခြုံလျက်ရှိသည်။ သို့သော် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ရန် ခြေရာခံရမှုမရှိဘဲ ထိန်းချုပ်ထားသည့်နေရာများကိုဖြတ်သန်းသွားလာနိုင်ရေးသည် တရုတ်ရေငုပ်သင်္ဘောများအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ဂျီဘူတီထောက်ပံ့ရေးအခြေစိုက်စခန်းသည် အဆိုပါ အခက်အခဲကို ကျော်လွှားနိုင်ရေး အထောက်အကူပြုသွားမည်ဖြစ်သည်။ ပေကျင်းသည် နောက်ထပ်လှုပ်ရှားမှုအနေဖြင့် ဒေသတွင်း၌ ၎င်း၏လွှမ်းမိုးမှုတိုးချဲ့ရန် ဂျီဘူတီဆိပ်ကမ်းတွင် ရေငုပ်သင်္ဘောများတပ်ဖြန့်ချထားသွားဖွယ်ရာရှိသည်။

ဂျီဘူတီဆိပ်ကမ်းတွင် တရုတ်ရေတပ်အခြေစိုက်စခန်းတည်ရှိမှုများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း PLAN သင်္ဘောများ၊ ရေငုပ်သင်္ဘောများနှင့်သုတေသနရေယာဉ်များပိုမိုတည်ရှိလာခြင်းသည် နယူးဒေလီအတွက် ကြီးမားသောစိုးရိမ်ပူပန်မှုပင်ဖြစ်သည်။ တရုတ်စစ်ရေယာဉ်များသည် အိန္ဒိယအထူးစီးပွားရေးဇုန်နှင့် နီးကပ်စွာတည်ရှိလာချိန်တွင် ဒေသတွင်း၌ အိန္ဒိယ၏လွှမ်းမိုးမှုကို စိန်ခေါ်မှုများဖြစ်လာသည့်အပြင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုအန္တရာယ်များကိုလည်း မြင့်တက်လာစေသည်။ ၂၀၀၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏ Yuan Wang 6 နှင့် Yuan Wang 5 စောင့်ကြည့်ရေးရေယာဉ်များ ရောက်ရှိနေသောကြောင့် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကိုရွှေ့ဆိုင်းခဲ့ရသည်။ ထို့ပြင် အိန္ဒိယသည် တရုတ်ငါးဖမ်းသင်္ဘောများက အိန္ဒိယ၏ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုအဆောက်အအုံများ၊ ရေတပ်အခြေစိုက်စခန်းများအပြင် ဘင်္ဂလားပင်လယ်အော်နှင့် အာရေဘီယံပင်လယ်ပြင်ရှိ စစ်ရေယာဉ်များ၏ လှုပ်ရှားမှုများကိုလည်း စောင့်ကြည့်သတင်းပေးနေသည်ဟုသံသယဝင်လျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယအနေဖြင့် ရေအောက်နယ်ပယ်စွမ်းဆောင်ရည် တောင့်တင်းခိုင်မာရန်လိုအပ်ပြီး အိန္ဒိယသမုဒ္ဒရာတွင် တရုတ်နိုင်ငံ၏ရေအောက်ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် ရေအောက်စစ်ဆင်ရေးသဘောတရားကို ပြန်လည်သုံးသပ်သွားရန်လိုအပ်နေပြီဖြစ်ပေသည်။

**ကိုးကား**

- **China's Emerging Subsurface Presence in the Indian Ocean by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# နတ်မောက်မြို့နယ် ဂွေးကန်(မြောက်)ကျေးရွာ၌ စက်ရေတွင်း ဆိုလာပန့်တပ်ဆင်ခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နတ်မောက် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဂွေးကန်(မြောက်)ကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဂွေးကန်(မြောက်) ကျေးရွာ၌ စက်ရေတွင်း ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စက်ရေတွင်း ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဂွေးကန်(မြောက်)ကျေးရွာ၌ စက်ရေတွင်းဆိုလာပန့် (8075W) တပ်ဆင်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၅ ဒသမ ၇၅ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၇၅ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဂွေးကန်(မြောက်)ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိခြင်း၊ စက်သုံးဆီကုန်ကျစရိတ်များ သက်သာခြင်းစသည့်အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍ သိရသည်။


**သော်သော်**

0w Nfv d @

# ပွဲစား

မောင်သိန်းနိုင်(လက်ဖက်ရည်)






(၁)

"ဟယ်လို ကိုသက်ဇော်လားခင်ဗျာ"

"ဟုတ်ကဲ့ခင်ဗျာ သက်ဇော်ပါ"

"အစ်ကိုရေ အစ်ကို့ဆီမှာ ယိုးဒယားဘီးကလေးများ ရှိမလားခင်ဗျာ"

ဒီရက်ပိုင်း ပွဲမဖြစ်တာကြာပြီ။ ပွဲစားဘဝဆိုတော့လဲ အိတ်ကပ်က ပိန်လိုက်ဖောင်းလိုက်ဘဝကိုး။ ပွဲဖြစ်တဲ့အခါ အူစိုပြီး ပွဲမဖြစ်တဲ့ရက်တွေဆိုရင် ဝမ်းဟောင်းလောင်းဖြစ်မတတ်ပါဘဲ။ အခုလဲ ပွဲစားတစ်ယောက်ဖုန်းဆက်လို့ ပွဲဖြစ်ပါစေဆိုပြီး ကျိတ်ဆုတောင်းရပြန်ပြီပေါ့။

"ဟုတ်ကဲ့အစ်ကို ကျွန်တော့်မှာ NCX သော့ကြီးကော၊ သော့သေးပါရှိတယ်လေဗျာ"

"ဈေးနှုန်းလေးတွေကကော"

"အင်း ဈေးနှုန်းကတော့ ငွေ ၁၅ သိန်းကျော်နဲ့ ၁၃ သိန်းကျော်လောက်တော့ရှိတယ်။ အလျှော့အတင်းတော့ ပါးပါးရှိမယ်အစ်ကို"

ဒီလပိုင်း ခိုးဘီးတွေက ခပ်လှုပ်လှုပ်၊ တစ်ခါတစ်ခါ ခိုးဘီးနဲ့တိုးရင် ခွက်ပျောက်တော့မလို ကြုံခဲ့ရပေါင်းမနည်းတော့ဘူး။ ပွဲစားလို့ပြောလိုက်တာနဲ့ ချင်းထည့်မဲ့အကြည့်မျိုးနဲ့လဲ အကြည့်ခံရတဲ့ဒုက္ခကလဲ မသေးဘူး။ ခက်နေတာက ကိုယ်ကိုယ်တိုင်က ငယ်ငယ်လေးကတည်းက ဆိုင်ကယ်ဆို အသဲစွဲဖြစ်ခဲ့တာဆိုတော့ ဝါသနာက တားဆီးလို့မရတာပေါ့။

"အဲဒါဆိုရင် တစ်ချက်လောက်ကြည့်လို့ရမလား။ ကြိုက်ရင်တော့ဆွဲမယ်လေ။ မကြိုက်ရင်တော့ ခရီးစရိတ် ဒီဘက်ကပြန်ပေးလိုက်မယ်။ အိုကေတယ်မလားအစ်ကို"

"ရပါတယ် အရောင်းအဝယ်လုပ်တာပဲဗျာ။ ဒဲ့ခေါ်၊ ဒဲ့ရောင်း၊ ဒဲ့ကောက်၊ ဒဲ့ဖောက်ပေါ့ဗျာ။ ဒါဆို ခဏနေ အစ်ကိုထွက်လာခဲ့မယ်။ ၁၁ နာရီလောက် ရောက်မယ်နော်"

"ဟုတ်ကဲ့ခင်ဗျာ။ လမ်းဆုံမှာစောင့်နေမယ်နော်"

"မခိုင်ရေ ကို့ကို လိုင်စင်ကတ်ပြားလေးထုတ်ပေးပါအုံး။ NCX နော် မနေ့ကဆွဲလိုက်တဲ့ဘီးနှစ်ဘီးစလုံး အပေါ်ထပ်က ဗီရိုထဲမှာ အစ်ကိုထည့်ထားတယ်။ မျိုးဝင်းကိုလဲ ဖုန်းဆက်လိုက်အုံး။ နေ့စားပေးမယ်လို့ မအူပင်ဘက်လေးတင်သွားမှာလို့ပြောလိုက်အုံး"

ကျွန်တော် ဘီးနှစ်ဘီးစလုံးကစ်တိုက်ပြီး ဆီဖျန်းလိုက်တယ်။ တချို့က ကာဗာလေးအရောင်တောက်မှကြိုက်တယ်။ ရှော့ဘားကလေးတွေ ပြန်စစ်ရတယ်။ စက်သံခပ်ပါးပါးလေးဖြစ်အောင်ချိန်ရတယ်။ အလုပ်ကတော့ တော်တော်ရှုပ်တယ်။ ဝါသနာကိုတားမရတော့ ခက်လှတာပေါ့။

(၂)

"ဟယ်လို အစ်ကိုပြော"

"ညီရေ မနေ့က ညီ့ဆီကယူသွားတဲ့ ယိုးဒယားဘီးလေးထွက်သွားပြီ။ အစ်ကို ငွေလာပေးမလို့။ ပွဲခတော့ အစ်ကို့ကိုကြည့်ပေးပေါ့"

"ဟုတ်လားအစ်ကို ဝမ်းသာစရာပေါ့ အစ်ကိုရယ်။ အဲဒီဘီးက ဝယ်ထားတာတော်တော်ကြာနေပြီ။ ရောင်းဈေးတောင်မှ ကျွန်တော်ပါးပါးပဲရလိုက်တာ။ ကြာနေတော့ ငွေအောင်းလို့ ဈေးနည်းနည်းလျှော့ပြီး ရိုက်လိုက်တာအစ်ကို ကျေးဇူးအထူးတင်ပါတယ်ဗျာ"

ကိုထွန်းထွန်းနဲ့ခင်တာ သိပ်မကြာသေးဘူး။ လပိုင်းလောက်ပဲရှိအုံးမယ်။ ကျွန်တော့်ဆီကဘီးတွေယူယူပြီး ရောင်းပေးနေတာ။ ငွေရေးကြေးရေးတော့ စိတ်ချရတယ်။ သူ့ကြောင့်ပဲ ကျွန်တော့်ဘီးတော်တော်များများ အရောင်းအဝယ်ဖြစ်တာများတယ်။

"ဒါနဲ့ညီလေးရေ ဘီးအကြီးတွေရှိသေးလား။ ကျိုက်ပိကအသိတစ်ယောက်က ဘီးအကြီးတွေလိုချင်တယ်ပြောနေလို့ကွာ"

"PCX နှစ်စီးတော့ရှိတယ်အစ်ကို။ ကာဗာကော၊ အင်ဂျင်ပိုင်းပါ တောင့်တယ်အစ်ကို"

"အဲဒါဆို အစ်ကိုလာဆွဲလိုက်မယ်လေ။ ယုံတယ်မဟုတ်လား"

"ဩော်. . . အစ်ကိုရယ်။ ဒီလူနဲ့ဒီလူ မယုံစရာလားဗျာ။ စိတ်ချ ယုံပါတယ်ဗျာ။ အိမ်မှာ ကျွန်တော့်အမျိုးသမီးရှိတယ်။ ကျွန်တော်မှာထားခဲ့မယ် အစ်ကိုဝင်ယူလိုက်။ ကျွန်တော်တော့ မအူပင်ဘက်ကို ဘီးနှစ်ဘီးပြစရာရှိလို့ အိမ်မှာရှိမှာမဟုတ်ဘူး အစ်ကို"

"အေးအေး ဒါဆို အစ်ကို ညီ့ရဲ့အမျိုးသမီးဆီမှာပဲ ဝင်ယူလိုက်မယ်။ သတိထားပြီးလဲ သွားကြအုံးနော်"

"ဟုတ်ကဲ့ပါ အစ်ကို"

ကျွန်တော်တို့ ဧရာဝတီဘက်မှာ ရာသီဥတုက တော်တော်ပူလှတယ်။ ဒါတောင် လမ်းကြောက အတော်အတန်လေးကောင်းလို့။ လမ်းဆိုးသာမောင်းရရင် ဘီးလဲနာ၊ လူလဲပန်းဖြစ်မယ်။

(၃)

"နည်းနည်းနောက်ကျသွားတယ်အစ်ကို။ စောင့်နေရတာကြာပြီလား"

"ရပါတယ် လိုချင်တဲ့သူဆိုတော့ ဒီလောက်တော့ရင်းရမှာပေါ့။ ဘီးလေးကြည့်မယ်နော်"

ဘီးကိုလှည့်ပတ်ကြည့်ကြတယ်။ ကျွန်တော်လဲ သော့ပေးပြီး မောင်းကြည့်ခိုင်းလိုက်တယ်။ လီဗာအတင်းအလျှော့တွေဆွဲကြည့်နေကြတယ်။ ခဏကြာတော့ ကြိုက်သွားဟန်ရှိတယ်။

"အစ်ကိုရေ ဈေးအလျှော့အတင်းလေးတစ်ချက်လောက်ပြောပြပါအုံး"

"ဈေးကတော့ တစ်ပြား (တစ်သောင်း) လောက်ပဲ ဆင်းလို့ရမယ် အစ်ကို။ ကျွန်တော် ကောက်ဈေးထက် ခပ်ပါးပါးလေးပဲတင်ထားတာပါ။ ထိုင်ခုံနဲ့ ရှော့ဘားတွေကတော့ အသစ်တွေလဲထားတာအစ်ကို။ အစ်ကိုလဲပွဲစားပဲဗျာ။ ကြည့်ရင်သိပါတယ်"

ကျွန်တော်နှင့်အတူပါလာသည့် မျိုးဝင်းဘက်ကို လှည့်ကြည့်လိုက်တယ်။

"မျိုးဝင်းညီလေး ကွမ်းသွားဝယ်ကွာ။ ဒီက အစ်ကိုတွေလဲစားရအောင်။ နှစ်ထောင်ဖိုးလောက်ဝယ်ခဲ့။ ရေသန့်သုံးဘူးလောက်လဲဆွဲခဲ့ကွာ"

"ချစ်ကိုကြီးရေ နှစ်ဘီးစလုံးယူမယ်ဗျာ။ အလျှော့အတင်းက တစ်စီးတစ်ပြားဆိုတော့ နှစ်ပြားပေါ့နော်"

"ဟုတ်ကဲ့ အစ်ကို"

ဒီနေ့တော့ ကျွန်တော် အိမ်အပြန်မျက်နှာပန်းလှတော့တယ်။ အိမ်သူသက်ထားအတွက် ခေါက်ဆွဲကြော်ကလေးတစ်ပွဲတော့ ဝင်ဝယ်လိုက်တယ်။

"မိန်းမရေ လွယ်အိတ်လာယူအုံး"

ကျွန်တော့်ဇနီး ထွက်လာတယ်။ မျက်နှာကြောခပ်တင်းတင်းအနေအထားမှာရှိတယ်။

"နင်အဆင်ပြေခဲ့လား"

သူ့စကားလုံးတွေက ကြမ်းနေတယ်။ ခပ်ချေချေ မျက်နှာထားက ခပ်တင်းတင်းဖြစ်နေတယ်။

"ညနေက မီတာစာရွက်လာသွားတယ်။ ပိုက်ဆံ ၁၅၀၀၀ လောက်ကျတယ်။ ဆန်လဲဝယ်ရအုံးမယ်"

သူ့စကားအသွားအလာကို ကျွန်တော်သိတယ်။ အိမ်အတွက်လိုအပ်ချက်တွေကို စာရင်းထုတ်နေမှန်းလဲသိတယ်။ နောက်ပြီး သူ့မှာ ပိုက်ဆံနည်းနေတာကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောနေတာဖြစ်တယ်။

"ဒီနေ့ပွဲဖြစ်တယ် နှစ်ဘီးစလုံးကွ။ အိတ်ထဲမှာ ငွေပါတယ် သိမ်းလိုက်အုံး။ အစ်ကို ရေချိုးလိုက်အုံးမယ်နော်"

နှုတ်ခမ်းလွှာပါးပါးလေးကိုဖိကိုက်ရင်း မဲ့ပြုံးလေးပြုံးပြပြီးထွက်သွားတဲ့သူ့ဟန်လေးကိုက ကျွန်တော်ဘဝဖြစ်နေတာကိုး။

"မိန်းမရေ ထမင်းပွဲပြင်ကွာ။ ကို ခေါက်ဆွဲကြော်ဝယ်လာတယ်။ အတူစားကြတာပေါ့"

သူက ချစ်စရာတော့ကောင်းတယ်။ အိမ်မှုကိစ္စလဲနိုင်တယ်။ ကျွန်တော်သာ တစ်ခါတလေ အလုပ်ကိစ္စအဆင်မပြေဖြစ်တာ။ သူကတော့ ကျွန်တော့်အတွက် ထမင်းပွဲရှေ့ရောက် မရှိရှိတာလေးနဲ့ အမြဲပြင်ဆင်ပေးထားမြဲဖြစ်တယ်။ ဒါကြောင့်လဲ ကျွန်တော်ရဲ့ဇနီးအလိမ္မာအိမ်ပါမလေးကို ငုံထားမတတ်ချစ်နေရတယ်။

(၄)

"မိန်းမရေ ကိုထွန်းထွန်းကို ဖုန်းဆက်သေးလား"

"မဆက်ဘူး"

"ဩော်. . . အေးအေး ကိုပဲဆက်လိုက်တော့မယ်"

ည ၈ နာရီထိုးပြီမို့ ဒီအချိန်လောက်ဆို ကိုထွန်းထွန်းလဲ ပြန်ရောက်နေကျအချိန်ဖြစ်တယ်။

"လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍မရနိုင်ပါရှင်"

ကျွန်တော် ဖုန်းခေါ်မှုပေါင်း ၂၀ ကျော်ခေါ်လိုက်တယ်။ ဆက်သွယ်မှုဧရိယာပြင်ပသာပြန်ပြောနေတယ်။ ဇနီးသည်ရဲ့မျက်ဝန်းမှာလဲ မျက်ရည်စို့သလိုဖြစ်လာတယ်။

"ကဲ. . . မနက်မှပဲ ခေါ်ကြည့်တော့မယ်ကွာ။ ဖုန်းအားကုန်နေတာလား၊ လိုင်းမမိတဲ့နေရာရောက်နေတာလားတော့မသိဘူး။ ထမင်းစားမယ် မိန်းမရေ"

(၅)

မနက် ၈ နာရီ ကျွန်တော်နိုးတယ်။ မျက်နှာသစ်သွားတိုက်မနက်စာစားပြီး ကျွန်တော် နေ့သစ်တစ်ခုကိုအစချီဖြတ်သန်းတော့တယ်။ ဖုန်းအားသွင်းကြိုးကို ဖြုတ်ရင်း ကျွန်တော်ဖုန်းဆက်လိုက်တယ်။

"ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍မရနိုင်ပါရှင်"

အကြိမ်များစွာဆက်ရင်း ကျွန်တော် ဒေါသထွက်လာမိတယ်။

"ဟာကွာ"

ဖုန်းတစ်လုံးဝင်လာသဖြင့် ကျွန်တော်အလွန်ပျော်သွားမိတယ်။ နံပါတ်စိမ်းဖြစ်နေသောကြောင့် ခဏတော့ ကြောင်အမ်းအမ်းဖြစ်သွားတယ်။ ဖုန်းပျောက်သွားလို့ ကတ်အသစ်နဲ့ဆက်တာလား။ သူများဖုန်းနဲ့ဆက်တာဖြစ်မယ်လို့လဲတွေးလိုက်မိတယ်။

"ဟယ်လို အမိန့်ရှိပါခင်ဗျာ"

"ညီရေ အစ်ကို ရွှေတောင်မော်က ဝယ်ရောင်းပါ။ သိတယ်မဟုတ်လား"

"ဩော်. . . သိပြီ။ ဟုတ်ကဲ့အစ်ကို အမိန့်ရှိပါခင်ဗျာ"

"ကိုထွန်းထွန်းကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိတယ်အစ်ကို"

"အစ်ကို့ဆီက ငွေသားသိန်း ၁၀၀ ချေးသွားတာ။ အခုလစ်ပြေးပြီသတင်းရလို့ ညီတို့ ဘိုကလေးဘက်များ ရောက်နေသလားလို့ လှမ်းမေးကြည့်တာ"

ကျွန်တော် ခုံပေါ် ဖင်ထိုင်လျက်ကျသွားတယ်။ ပြောစရာစကားရှာမရအောင်ပင်ဖြစ်သွားတယ်။

"အစ်ကိုရေ အဲဒါဆိုရင် ကျွန်တော်လဲ အလိမ်ခံလိုက်ရပြီဗျာ"

"ဟာ ဟုတ်လားညီ"

ကိုယ့်ပစ္စည်းရောင်းထွက်ရေးအတွက် စကားလုံးတွေကို ရေပက်မဝင်နိုင်အောင်ပြောမှ ပွဲဖြစ်တဲ့ ပွဲစားဘဝ၊ နေပူစပ်ခါးထဲ ဘယ်တော့လမ်းမှာလုယက်ခံရမလဲကိုမသိနိုင်ဘဲ ကျင်လည်နေရတဲ့ပွဲစားဘဝကို ခုံမင်မိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ အပြစ်တင်မိတော့တယ်။ ယုံကြည်မှုတစ်ခုကို ရိုက်ချိုးခံလိုက်ရလို့ ငွေကြေးထက် ကိုယ်ကျင့်တရားကို ချနင်းကြသူတွေကိုလဲ ကျွန်တော်မုန်းတယ်။ ဘီးအသေးလေးတွေရောင်းတုန်းက သစ္စာရှိသလိုဟန်ဆောင်ပြီး ဘီးအကြီးတွေမှ ရွေးမသွားတဲ့ ကိုထွန်းထွန်းကိုလဲ ကျွန်တော်ချီးကျူးမိတယ်။

အတိတ်ကံကိုပဲပုံချပြီး ငါလဲဝဋ်ကြွေးပါလာလို့ဖြစ်တာပါလို့ ဖြေသိမ့်နိုင်ပေမဲ့ မျက်ရည်စက်လက်နဲ့ငိုနေသောဇနီးသည်ကိုကြည့်ပြီး ကျွန်တော် ဖြေသိမ့်နိုင်ဖို့အတွက် အဖြေရှာမရဖြစ်နေလေတော့တယ်။

# ဟုမ္မလင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၃၃၁ ဧက စိုက်ပျိုးရန်လျာထား



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဟုမ္မလင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၃၃၁ ဧကစိုက်ပျိုးရန်လျာထားကြောင်း ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၃၃၁ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါ စိုက်ပျိုးရန်လျာထားဧကများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် မိုးစပါးဧက ၆၄၁၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်တွင် နွေစပါးဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ မနှစ်ကတော့ ၁၀၀၀၀ ကျော်လောက်ပဲ စိုက်ပျိုးနိုင်ခဲ့တယ်။ ဒီနှစ်လဲ နွေစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်။ နွေစပါးစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်နေတယ်။ နွေစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့အနေအထားမှာရှိတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်တွင် နွေစပါး စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် ဓာတ်မြေဩဇာ ဈေးကြီးနေ၍ သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေး နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## သဇင်ပွင့်ဖူး နတ်တော်ထူး

\- ဆောင်းရက်ကာလ ရွှန်းမြအချိန်ခါ
ကောက်သစ်စပါး မှည့်ထွားဝင်းလို့ဝါ
ရွက်သစ်ဝေဆာ ကြွေကာရွက်ဟောင်း
အလှပန်းချီဖွဲ့မမီ
ရာသီဟေမန္တ ပြောင်းသည်တည့်လေး။

\- မင်္ဂလာအပေါင်း ခညောင်းအခါဝယ်
စာဆိုတော်ပွဲ ဆင်နွှဲကျင်းပတယ်
မီးပုံပွဲမယ် သီကြွယ်ဆိုတေး
မြူးရယ်ကခုန် ပေါင်းသင်းစုံ
နှင်းမှုန်တွေကြား အေးမြသည်တည့်လေး။

\- မြောက်လေဆော်သွေး ဆေးရေးပန်းချီ
လယ်မြေယာခင်း ရှင်းလင်းချိန်တန်ပြီ
အလှဝေစည် စုံညီအရောက်လှမ်း
လက်တွဲယှက်ကာ ထမ်းဆောင်မှာ
ဝန်တာခွဲ၍ ထမ်းသည်တည့်လေး။

\- သဇင်ပွင့်ပန်း တင့်ဆန်းမွှေးကြူ
တော်ဝင်အလှ ခြယ်သမှတ်ကာယူ
ဂုဏ်ရယ်ကူ ညီတူပွင့်ဖူး
လပြတ်နတ်တော် ပွင့်ကာသော်
ပင်ပေါ်ဝင့်ကြွား မြူးသည်တည့်လေး။

\- ဆောင်းဦးခုံမင် ဂေါ်သဇင်ဖူးပွင့်တော့သည်။
အကြောင်းထူးစုံလင် ပျော်ရွှင်ထူးတင့်ပေါ့အတည်။

**မင်းသူရိန်(သာကီနွယ်)**

# တန့်ယန်းမြို့နယ် နမ့်ပါမုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် တန့်ယန်းမြို့နယ် နမ့်ပါမုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နမ့်ပါမုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ နမ့်ပါမုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၇ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တန့်ယန်းခရိုင် ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**နံ့လာ**



# မိုးကောင်းမြို့နယ်၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုးကောင်း ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးသီဟဇော်၊ မိုးကောင်းမြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးသီဟဇော်က ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

တောင်နီကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၃ ဒသမ ၆၇၅ သန်းဖြင့် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေနှင့် အမြင့် နှစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ Box Culvert တစ်စင်းနှင့် အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေ နှင့် အမြင့် ၁၈ ပေရှိ ကွန်ကရစ်တံတား တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို Future Proof ကုမ္ပဏီက ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# သံတောင်ကြီးမြို့နယ် ရွှေနန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သံတောင်ကြီး ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရွှေနန်းကြီးကျေးရွာနှင့် ရွှေနန်းကလေးကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက် ၁၀ နာရီ က ရွှေနန်းကြီးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ရွှေနန်းကြီးကျေးရွာနှင့် ရွှေနန်းကလေးကျေးရွာတို့ရှိ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေနန်းကြီးကျေးရွာနှင့် ရွှေနန်းကလေးကျေးရွာတို့၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သူသူ**

# ဩစတြေးလျနိုင်ငံ အီချူကာမြို့အနီးတွင် မာရေးမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား




**ကင်ဘာရာ ဒီဇင်ဘာ ၉**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် အီချူကာမြို့အနီးတွင် ဒီဇင်ဘာ ၈ ရက်က မာရေးမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း အီချူကာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBT သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် စီးပွားရေးအဆောက်အအုံတချို့ကို ယာယီပိတ်ထားရပြီး ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းတချို့ကိုလည်း ယာယီရပ်ဆိုင်းရမည့် အရေးဖြင့် ရင်ဆိုင်နေရကြောင်း၊ မာရေးမြစ်ကြောင်းတစ်လျှောက် ရေဘေးအန္တရာယ် တားဆီးရေးအတွက် အကာအကွယ်များ စီမံထားရှိကာ နေအိမ်များဆီသို့ ရေစီးမလာစေရေးကြိုးပမ်းနေကြောင်း အီချူကာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတချို့ကို ရပ်ဆိုင်းရမဲ့အရေးနဲ့ရင်ဆိုင်နေရပါတယ်။ အခြေအနေပေါ်မူတည်ပြီး ရပ်ဆိုင်းသွားမှာဖြစ်ပါတယ်။ လောလောဆယ်တော့ လည်ပတ်နေဆဲပါပဲ။ ရေဘေးအန္တရာယ်ကြောင့် ဟိုတယ်နဲ့ခရီးသွားလာရေးလုပ်ငန်းတွေ လည်ပတ်မှုရပ်ဆိုင်းထားမျိုးမရှိသေးပေမဲ့လဲ သတင်းအမှန်မသိရသေးဘူး။ ဒီအခြေအနေနဲ့ပတ်သက်ပြီး မီဒီယာတွေအနေနဲ့ ခရီးသည်တွေသိအောင် သတင်းအမှန်တွေချပြသင့်တယ်လို့ ကျွန်တော်ယူဆတယ်။ သတင်းအမှန်ချပြနိုင်ရင် ကျွန်တော်တို့လဲ လုပ်ငန်းလည်ပတ်ရတာအဆင်ပြေမယ်။ သတင်းစာတွေကနေသတင်းအမှန်ချပြတာမျိုးမဟုတ်ရင်တောင် ရေဒီယိုတွေကနေတစ်ဆင့် ထုတ်လွှင့်သင့်တယ်လို့လဲ ကျွန်တော်ယူဆတယ်"ဟု Campaspe Lodge ကုမ္ပဏီပိုင်ရှင် ဒေးဗစ်ကွန်နယ်လီက ပြောကြားခဲ့သည်။

အီချူကာမြို့တွင် ဟိုတယ်တချို့ကို ယာယီပိတ်ထားရပြီဖြစ်သကဲ့သို့ လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားရသည့်အတွက် ဒေသခံများ လမ်းပန်းဆက်သွယ်ရေးခက်ခဲနေကြောင်း၊ စီးပွားရေးလုပ်ငန်းတချို့ လည်ပတ်မှုယာယီရပ်ဆိုင်းရမည့်အခြေအနေသို့ ရောက်ရှိနေခြင်းမှာ အီချူကာမြို့၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖြစ်သည့် Campaspe Lodge ကုမ္ပဏီပိုင်ရှင် ဒေးဗစ်ကွန်နယ်လီက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ဆိုမာလီယာမိုးခေါင်မှုဒဏ်ခံရသောဒေသများကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အရေးပေါ်ပံ့ပိုးမှု လုပ်ဆောင်လျက်ရှိ

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၉**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က ဆိုမာလီယာနိုင်ငံ မိုးခေါင်ရေရှားမှုဒဏ်အခံရဆုံး ကျေးလက်ဒေသများတွင် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများအတွက် အရေးပေါ်ငွေကြေးပံ့ပိုးမှုများ တိုးချဲ့လုပ်ဆောင်လျက်ရှိကြောင်း ဆိုမာလီယာနိုင်ငံအခြေစိုက် FAO အဖွဲ့ပြောရေးဆိုခွင့်ရှိသူ Peterschmitt က ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ဖော်ပြထားသည်။

ဆိုမာလီယာနိုင်ငံအတွင်း ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီ၏ ငတ်မွတ်မှုဘေး ကြိုတင်ကာကွယ်ရေးအစီအစဉ်သည် လက်ရှိတွင် ၂၆ ရာခိုင်နှုန်းသာ ထောက်ပံ့ပေးထားနိုင်ကြောင်း၊ ငတ်မွတ်မှုဒဏ်အပြင်းထန်ဆုံးခံစားရသည့် ကျေးလက်ဒေသများမှ အငတ်ဘေးကြိုတင်ကာကွယ်ရေးကို စတင်ရမည်ဖြစ်ကြောင်း မိုဂါဒစ်ရှူးမြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ Peterschmitt က ပြောကြားခဲ့သည်။

ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုဒဏ် အများဆုံးခံရသူများ၏ထက်ဝက်ခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့အနက်မှ အများစုမှာ ဒေသတွင်းမလုံခြုံမှုများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီဖြင့် လက်လှမ်းမီရန် ခက်ခဲသောဒေသများတွင်ရှိနေကြောင်း သိရသည်။

FAO အနေဖြင့် ဆိုမာလီယာတောင်ပိုင်း မိုးခေါင်ရေရှားမှုဒဏ်အဆိုးရွားဆုံးနှင့် သွားလာရအခက်ခဲဆုံးဒေသတချို့ကို ပစ်မှတ်ထား၍ ဒုက္ခရောက်နေသောမိသားစုထောင်ပေါင်းများစွာကို အရေးပေါ်ငွေလွှဲပြောင်းပေးနိုင်ရန် ဒေသဆိုင်ရာ အလှူရှင်တချို့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

လုံခြုံစိတ်ချရသော မိုဘိုင်းငွေလွှဲစနစ်သည် အခြားယန္တရားများဖြင့် အကူအညီပေးခြင်းထက် ပိုမိုလျင်မြန်ကောင်းမွန်သော ရွေးချယ်မှုတစ်ခုဖြစ်ကြောင်း FAO က ပြောကြားထားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များ အမြဲရရှိနိုင်မည်မဟုတ်သော်လည်း အဆိုပါအစီအစဉ်တွင် ပါဝင်သူများအနေဖြင့် ထောက်ပံ့ငွေ တိုက်ရိုက်ရရှိရန် လွယ်ကူသည့်စနစ်ဖြင့် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။ **AZH**

# သဲမုန်တိုင်းနှင့်မိုးခေါင်မှုပြဿနာဖြေရှင်းရန် အီရန်နှင့်အီရတ်တာဝန်ရှိသူများ ဆွေးနွေးမှုပြုလုပ်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၉**

အီရန်နှင့် အီရတ်အာဏာပိုင်အဖွဲ့အစည်းတို့က သဲမုန်တိုင်းနှင့် မိုးခေါင်မှုပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် ဘဂ္ဂဒက်မြို့တွင် ဒီဇင်ဘာ ၈ ရက်က နှစ်နိုင်ငံတာဝန်ရှိသူများကြား တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း Shafaq သတင်းဌာနက ယနေ့ဖော်ပြခဲ့သည်။

အီရတ်နိုင်ငံ ရေထုအရင်းအမြစ်ဝန်ကြီး အဘဒူလ်လာနှင့် အီရန်နိုင်ငံ၏ကိုယ်စားလှယ် မိုဟာမတ်ကာဇမ်တို့သည် သဲမုန်တိုင်းအန္တရာယ်ကို ကာကွယ်ရန်နှင့် မိုးခေါင်သည့်ကာလတွင် ရေလုံလုံလောက်လောက်ရရှိစေရေးအတွက် ရေထုအရင်းအမြစ်များဖော်ထုတ်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေးလည်း ဆွေးနွေးခဲ့သည်။

"သဲမုန်တိုင်းနဲ့ မိုးခေါင်တဲ့ပြဿနာကိုဖြေရှင်းနိုင်ဖို့၊ မိုးခေါင်မှုနဲ့ဆက်စပ်တဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ အတွေ့အကြုံရှိတဲ့ အီရန်နိုင်ငံရဲ့အကူအညီ လိုအပ်သလို နည်းပညာအကူအညီလဲ လိုအပ်ပါတယ်။ အီရန်နဲ့ အီရတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရာမှာလဲ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နားလည်မှုရှိဖို့ လိုအပ်တယ်။ မိုးခေါင်မှုနဲ့ဆက်စပ်တဲ့ပြဿနာတွေကို ကျော်လွှားနိုင်ဖို့အတွက် အတားအဆီးတွေလဲရှိလာနိုင်တယ်။ အီရန်နိုင်ငံနဲ့ အီရတ်နိုင်ငံကြား နားလည်မှုရှိရှိနဲ့ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဒီအခက်အခဲကို ကျော်လွှားနိုင်မှာပါ"ဟု အီရတ်ရေထုအရင်းအမြစ်ဝန်ကြီး အဘဒူလ်လာက ပြောကြားခဲ့သည်။

ရေမလုံလောက်သည့် အခြေအနေမှ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်သော အီရန်နိုင်ငံ၏ အတွေ့အကြုံကို အီရတ်နိုင်ငံက အသုံးချနိုင်ရန် အီရတ်ရေထုအရင်းအမြစ်ဝန်ကြီးက မျက်စိကျနေကြောင်း၊ မိုးခေါင်မှုနှင့်ဆက်စပ်သော ပြဿနာများကို ဖြေရှင်းရာတွင် အီရန်နိုင်ငံက အတွေ့အကြုံရှိသည့်အတွက် အီရတ်က အီရန်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးကာ အကူအညီရယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**



# ပဲရစ်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ လမ်းပိတ်ဆို့ဆန္ဒထုတ်ဖော်

**ပဲရစ် ဒီဇင်ဘာ ၉**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ အစိုးရကို အရှိန်မြှင့်တင် ဆောင်ရွက်သွားစေလိုသည့်အတွက် ပဲရစ်မြို့ရှိ နာမည်ကြီး Champs Elysees လမ်းကိုပိတ်ဆို့ကာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း France24 သတင်းဌာနက ယနေ့ဖော်ပြခဲ့သည်။

အစိုးရအနေဖြင့် ရာသီဥတုဖောက်ပြန်မှုပြဿနာအား တုံ့ပြန်ရာတွင် အားနည်းနေမှုကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဝေဖန်ထောက်ပြခဲ့ပြီး Derniere Renovation အမည်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့ကဦးဆောင်၍ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း၊ Champs Elysees လမ်းကို ပိတ်ဆို့ဆန္ဒထုတ်ဖော်ခဲ့ကြသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ရသလို လမ်းပိတ်ဆို့မှုမဖြစ်စေရေးအတွက်လည်း ဆန္ဒထုတ်ဖော်သူများအုပ်စုကို ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း သိရသည်။

"အစိုးရအနေနဲ့ ရာသီဥတုဖောက်ပြန်မှုအပေါ် တုံ့ပြန်တာတော်တော်လေး အားနည်းတယ်။ ထိရောက်ပြီးကောင်းမွန်တဲ့ တုံ့ပြန်မှုတွေ အကောင်အထည်ဖော်ပေးဖို့အတွက် ကျွန်တော်တို့ဆန္ဒထုတ်ဖော်ခဲ့တာဖြစ်ပါတယ်။ တရားဥပဒေနဲ့အညီ ဆန္ဒထုတ်ဖော်ခဲ့တာဖြစ်ပါတယ်။ Champs Elysees လမ်းကို ပိတ်ဆို့ဆန္ဒထုတ်ဖော်ခဲ့တဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးထိန်းသိမ်းမှုတွေ ပြုလုပ်နေပါတယ်။ ကျွန်တော်တို့အဖွဲ့က အဖွဲ့ဝင်တချို့ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါတယ်။ အစိုးရရဲ့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး အားရကျေနပ်မှုမရှိတဲ့အတွက် ကျွန်တော်တို့ ဆန္ဒထုတ်ဖော်ခဲ့ကြတာပါ"ဟု Derniere Renovation အမည်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# နိုင်ငံခြားရှိ ရုပ်ကြွင်းလောင်စာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေးပံ့ပိုးမှု ရပ်ဆိုင်းမည်ဟု ကနေဒါအစိုးရကြေညာ

**အော့တာဝါ ဒီဇင်ဘာ ၉**

ပြီးခဲ့သည့်နှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP 26)တွင် သဘောတူညီချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ကနေဒါနိုင်ငံက ၎င်းပိုင်ဆိုင်သည့် နိုင်ငံခြားတွင် ရုပ်ကြွင်းလောင်စာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်စီမံကိန်းများကို တိုက်ရိုက်ငွေကြေးပံ့ပိုးမှုအသစ်များကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ကနေဒါအစိုးရက ဒီဇင်ဘာ ၈ ရက်တွင် ကြေညာခဲ့သည်ဟု Global News သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၈ ရက် ညနေပိုင်းက ထုတ်ပြန်ခဲ့သော အဆိုပါမူဝါဒတွင် ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့ သို့မဟုတ် အပူကျောက်မီးသွေး ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် ဈေးကွက်ချဲ့ထွင်ခြင်းတို့အပြင် ကာဗွန်ထုတ်လွှတ်မှု သိသိသာသာလျှော့ချရန် နည်းပညာများကို အသုံးမပြုသည့် ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများနှင့်လည်း သက်ဆိုင်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စတင်အသက်ဝင်မည့် အဆိုပါစည်းမျဉ်းများသည် ဇဟိုဌာနများ၊ အေဂျင်စီများနှင့် ကနေဒါနိုင်ငံပိုင် Crown ကော်ပိုရေးရှင်းမှ တိုက်ရိုက်ရန်ပုံငွေများတွင်လည်း အကြုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဖွဲ့အစည်း Environment Defense ၏ခန့်မှန်းချက်အရ ကနေဒါနိုင်ငံ၏ နိုင်ငံတကာစီးပွားရေး လုပ်ငန်းများအတွက် ပံ့ပိုးမှု၏ ၇၈ ရာခိုင်နှုန်းသည် နိုင်ငံခြားမှ ရုပ်ကြွင်းလောင်စာသုံး ကနေဒါကုမ္ပဏီများအတွက် ပံ့ပိုးနေခြင်းဖြစ်ကြောင်း သိရသည်။

ကနေဒါနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် Glasgow တွင်ကျင်းပသည့် နိုင်ငံတကာ ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး၌ အခြား ၃၈ နိုင်ငံနှင့်အတူ အဆိုပါသဘောတူညီချက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **AZH**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၂၂၆ သန်း ပို့ကုန်ဝင်ငွေရရှိထား



မော်ချီးသတ္တုတွင်းကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၂၂၆ သန်း ပို့ကုန်ဝင်ငွေရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

မြန်မာနိုင်ငံမှ စက်မှုနှင့်ကုန်ချောပစ္စည်းများ နိုင်ငံတကာသို့ တင်ပို့နိုင်မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၄၃ သန်း ရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၈၈၃ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၂၂၆ သန်း ပို့ကုန်ဝင်ငွေ ရရှိထားခြင်းဖြစ်သည်။

“သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍအနေနဲ့ နိုင်ငံတကာတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၂၂၆ သန်း ပို့ကုန်ဝင်ငွေရရှိထားပါတယ်။ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုထဲက သတ္တုနဲ့ သတ္တုရိုင်းကို ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံမှ သတ္တုတွင်းထွက်ပစ္စည်း တင်ပို့ရာတွင် ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက်ပစ္စည်းအမျိုးမျိုးကို တင်ပို့လျက်ရှိကြောင်း ဦးနန္ဒက ဆက်လက်ပြောပြ၍ သိရသည်။ **ASH**

# စစ်ကိုင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၈၇၇၇ ဧက စိုက်ပျိုးရန် လျာထား

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၈၇၇၇ ဧက စိုက်ပျိုးရန်လျာထားကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် နွေစပါး စိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၄၃၀၀၊ မြင်းမူမြို့နယ်တွင် ဧက ၁၉၀၀၊ မြောင်မြို့နယ်တွင် ၂၅၇၇ ဧက စုစုပေါင်း ၈၇၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါးဧက ရှစ်ထောင်ကျော်စိုက်ပျိုးနိုင်ဖို့ လျာထားတယ်။ ဒီနှစ် နွေစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ နွေစပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့၊ စိုက်နည်းစနစ်တွေကို စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတွေက ဆောင်ရွက် ပေးနေပါတယ်”ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်း နွေစပါး စိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# သိန်းနီမြို့နယ် နောင်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သိန်းနီ ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ နောင်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၅၀ အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငြိမ်းထက်အောင်(ပျော်ဘွယ်)**

# မင်းပြားမြို့နယ် နဒင်ရွာဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းပြား ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သံရွှင်ကျေးရွာအုပ်စု နဒင်ရွာဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ နဒင်ရွာဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ မပျောက်ပျက်အောင် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျထိန်းသိမ်းရန်နှင့် စာရင်းဇယားများ တိကျမှန်ကန်စေရေး စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက နဒင်ရွာဟောင်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၅ ဒသမ ၂၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃ ဒသမ ၂၅ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၈၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၇၀ သန်းစုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ အတွက် ငွေကျပ်သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

# ပန်းတနော်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပန်းတနော် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်အတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ခြောက်ဆယ်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ကော်မတီဝင်များကို မဲပေးရွေးချယ်ရမည့် အကြောင်းအရာများ၊ ကောက်ခံမည့် အတိုးနှုန်းထား အစရှိသည်များကို လက်စွဲစာစောင်ပါ စည်းကမ်းချက်များနှင့်အညီ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ကြသည်။

ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုကာလအတွင်း ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုအပ်သောအရင်းအနှီးများ ရရှိလာစေရန်ရည်ရွယ်၍ ခြောက်ဆယ်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ပံ့ပိုးပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(ဇလင်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်မှာ နောက်တစ်ဆင့်တက်ရောက်ဖို့ အစွမ်းကုန်ကြိုးစားလာမဲ့ အင်္ဂလန်အသင်းကိုသာ ရွေးချယ်ရမှာပါ

ML



အခုတစ်ပတ် တနင်္ဂနွေနေ့မှာတော့ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲသာရှိပြီး အဲဒီပွဲစဉ်ဟာလဲ ဥရောပထိပ်သီးအသင်းကြီးနှစ်သင်းဖြစ်တဲ့ အင်္ဂလန်အသင်းနဲ့ ပြင်သစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ဘောလုံးရသကောင်းတွေပေးနိုင်တဲ့ ပွဲကောင်းတစ်ပွဲကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ နှစ်သင်းစလုံး တိုက်စစ်ကစားအားကောင်းတဲ့အသင်းတွေဖြစ်နေတာကြောင့် နှစ်သင်းစလုံးရဲ့သွင်းဂိုးတွေကိုမြင်တွေ့နိုင်ပေမဲ့ ခံစစ်ကစားပုံကောင်းမွန်ပြီး အရန်ကစားသမားအင်အား သာလွန်မှုရှိတဲ့အသင်းကိုသာ ရွေးချယ်သွားရမှာပါ။

**အင်္ဂလန်အသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့နံနက်မှာကစားမဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်မှာတော့ အင်္ဂလန်အသင်းနဲ့ ပြင်သစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အခုပြိုင်ပွဲ အုပ်စုတွင်းမှာလဲ နှစ်သင်းစလုံး အုပ်စုချောင်ခဲ့တယ်လို့ ဆိုရမှာပါ။ သူတို့နှစ်သင်းရဲ့ လက်ရှိကမ္ဘာ့အဆင့်ရပ်တည်မှုမှာလဲ အင်္ဂလန်က အဆင့်(၅)နဲ့ ပြင်သစ်က အဆင့်(၄) မှာရှိနေတာကြောင့် ဒီနှစ်သင်းရဲ့ဘောလုံးအဆင့်အတန်းက ကွာခြားမှုမရှိတာကို တွေ့ရမှာပါ။

နည်းပြဆောက်ဂိတ် တာဝန်ယူပြီးနောက်ပိုင်း အင်္ဂလန်အသင်းဟာ ခြေစွမ်းပိုင်းတိုးတက်လာခဲ့ကာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သလို ယူရို ၂၀၂၀ ပြိုင်ပွဲမှာလဲ ဗိုလ်လုပွဲထိ ရောက်ရှိခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်မှာ ရှုံးနိမ့်ခဲ့တာကြောင့် ဒုတိယနဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ကစားသမားစုဖွဲ့မှုအားကောင်းတဲ့အသင်းဖြစ်ပြီး ဆုဖလားရရှိဖို့ ရေပန်းစားနေတဲ့ အသင်းတွေထဲမှာလဲ ပါဝင်နေတာကို တွေ့ရမှာပါ။

အရန်ကစားသမားအင်အားတောင့်တင်းတဲ့ အင်္ဂလန်အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ အီရန်အသင်းကို ခြောက်ဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နည်းပြဆောက်ဂိတ်ဟာ ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ပြိုင်ပွဲကိုထိန်းချုပ်ဖို့ ကြိုးစားခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ပွဲချိန်ကြာလာတာနဲ့ အင်္ဂလန်အသင်းရဲ့ တိုက်စစ်လမ်းကြောင်းကို ဟန့်တားနိုင်ခြင်းမရှိတဲ့ အီရန်အသင်းအနေနဲ့ ပွဲချိန် ၃၅ မိနစ်၊ ပွဲချိန် ၄၃ မိနစ်နဲ့ နာကျင်အချိန်ပို ၄၅ မိနစ်မှာ ဦးဆောင်ဂိုးတွေပေးလိုက်ရတာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ အင်္ဂလန်အသင်းက အနိုင်ရဖို့အတွက်သာ အာရုံစိုက်ခဲ့ပြီး အပေးအယူနဲ့သာ ကစားနေပေမဲ့ အီရန်အသင်းရဲ့ ခံစစ်ပိုင်းအမှားကြောင့် ပွဲချိန် ၆၂ မိနစ်၊ ၇၁ မိနစ်နဲ့ မိနစ် ၉၀ တွေမှာ ဦးဆောင်ဂိုးတွေ ထပ်မံခွင့်ပြုလိုက်ရလို့ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ဒုတိယပွဲစဉ်မှာတော့ အမေရိကန်အသင်းနဲ့ ကစားခဲ့ရပေမဲ့ နည်းပြဆောက်ဂိတ်အနေနဲ့ အီရန်နဲ့ ပွဲထွက်လူစာရင်းဖြစ်တဲ့ ဟယ်ရီကိန်း၊ ဆာကာ၊ မေဆင်မောင့်၊ စတားလင်း၊ ဘယ်လင်ဟမ်၊ ဒီကလန်ရိုက်၊ ထရစ်ပီယာ၊ စတုန်း၊ မက်ဂွဲယား၊ လုခ်ရှောနဲ့ ပစ်ဖို့ဒ်တို့ကိုသာ ထပ်မံအသုံးပြုခဲ့တာကြောင့် ပြိုင်ဘက်အသင်းမျှော်လင့်ထားတဲ့ ကစားကွက်နဲ့ လူထုတ်ပံ့ဖြစ်လို့ ဂိုးရဖို့ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ အမေရိကန်အသင်းကလဲ ရှုံးလို့မဖြစ်တာကြောင့် ခံစစ်အသားပေးကစားနေသလို အင်္ဂလန်အသင်းကလဲ သရေတစ်မှတ်ရရင် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးများနေတာကြောင့် တိုက်စစ်ကစားအားကို မြှင့်တင်ခဲ့တာမရှိပါဘူး။ ဒါကြောင့် တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းယူနိုင်တာမရှိဘဲ သရေရလဒ်နဲ့သာ ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။ တတိယပွဲစဉ်မှာတော့ ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့ ဝေးလ်နဲ့ကစားရတာကြောင့် အင်္ဂလန်အသင်းအတွက် သက်သောင့်သက်သာကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ အထောင်တိုက်စစ်က ရက်ရှ်ဖို့ဒ်၊ ဟယ်ရီကိန်း၊ ဖိုဒင်တို့အတွဲဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို အလုပ်များစေခဲ့ပြီး အခွင့်အရေးတွေဖန်တီးနိုင်ခဲ့တာကြောင့် ရက်ရှ်ဖို့ဒ်က နှစ်ဂိုး၊ ဖိုဒင်က တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလန်အသင်းဟာ အုပ်စုပွဲစဉ်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ အခုပြိုင်ပွဲရဲ့ အုပ်စုအဆင့်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့တဲ့ မှတ်တမ်းကောင်းကိုလဲ ပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။

၁၆ သင်း ရှုံးထွက်အဆင့်မှာတော့ အုပ်စု (D) က ဒုတိယနဲ့ တက်ရောက်လာတဲ့ ဆီနီဂေါအသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလဲ ၄-၃-၃ ကစားကွက်ကိုသာ ဆက်လက်အသုံးပြုခဲ့ပြီး တိုက်စစ်ပိုင်းက ရက်ရှ်ဖို့ဒ်နေရာမှာ ဆာကာတစ်ယောက်သာ ပြောင်းလဲမှုပြုလုပ်ခဲ့တာကို တွေ့ရမှာပါ။ ဆီနီဂေါအသင်းကတော့ ကမ္ဘာ့ဖလားအတွေ့အကြုံကောင်းတွေရှိတဲ့ အင်္ဂလန်အသင်းကို ခံစစ်အသားပေးကစားဖို့အတွက် ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်လာခဲ့ပေမဲ့ သူတို့အသင်းရဲ့ ကွင်းလယ်မောင်းနှင်အားဖြစ်တဲ့ ဂီရီနဲ့ ကော့တေးတို့ပါဝင်နိုင်ခြင်းမရှိတာကြောင့် ခံစစ်ကစားပုံအလုပ်မဖြစ်ခဲ့ဘဲ ပွဲကစားချိန် ၃၈ မိနစ်နဲ့ ပွဲချိန် ၄၅ မိနစ်မှာ ဦးဆောင်ဂိုးတွေပေးလိုက်ရတာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ဆီနီဂေါအသင်းက တိုက်စစ်ပိုင်းမြှင့်တင်ပြီး ချေပဂိုးရဖို့ ကြိုးစားခဲ့ပေမဲ့ အင်္ဂလန်အသင်းရဲ့ ထိန်းချုပ်မှုအောက်မှာသာ ကစားခဲ့ရသလို ပွဲချိန် ၅၇ မိနစ်မှာ ဦးဆောင်ဂိုး ထပ်မံခွင့်ပြုလိုက်ရပြီး သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်သွားခဲ့တာကို တွေ့ရမှာပါ။

လက်ရှိချန်ပီယံ နည်းပြဒက်ချမ့်ရဲ့ ပြင်သစ်အသင်းကတော့ အဓိကကစားသမားတွေ ဒဏ်ရာရနေတာကြောင့် ကစားအားကျဆင်းသွားမယ်လို့ ထင်ရပေမဲ့ လက်ရှိမှာတော့ ခြေစွမ်းပြကစားနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းရဲ့အဓိကကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ကန်တီနဲ့ ပေါ့ဂ်ဘာတို့ဟာ ကလပ်အသင်းတွေမှာ ရရှိထားတဲ့ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရပြီး ကမ္ဘာ့ဖလားကို လွဲချော်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် တိုက်စစ်မှူး အန်ကူကူ၊ ဘင်ဇီမားနဲ့ ကင်ဘက်ပီတို့အနေနဲ့လဲ အသင်းလူစာရင်းမှာ ရွေးချယ်ခံရပေမဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ရရှိခဲ့တဲ့ဒဏ်ရာတွေကြောင့် ထပ်မံလွဲချော်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဝါရင့်နည်းပြ ဒက်ချမ့်ဟာ အသင်းရဲ့ကစားကွက်နဲ့ကိုက်ညီမဲ့ ကစားသမားတွေကို ရွေးထုတ်ပြီး ရလဒ်ကောင်းရရှိအောင် ကစားသွားတာကတော့ အားရစရာကောင်းတာကို တွေ့ရမှာပါ။

နည်းပြ ဒက်ချမ့်ကတော့ အခုပြိုင်ပွဲမှာ ၄-၂-၃-၁ ကစားကွက်ကိုသာ ပုံမှန်အသုံးပြုလေ့ရှိပြီး အုပ်စုအဖွင့်ပွဲစဉ်မှာ ဂီရောဒ်ကို အထောင်ထားကာ နောက်ချန်တိုက်စစ်အဖြစ် ဂရစ်ဇ်မန်း၊ တောင်ပံနှစ်ဖက်မှာ ဒမ်ဘီလီနဲ့ အမ်ဘက်ပီ၊ ကွင်းလယ်မှာ ချူအာမန်နီနဲ့ ရာဘီယို့၊ ခံစစ်ပိုင်းမှာ ပါဗက်၊ ကွန်နာတီ၊ အူပါမီကာနို၊ လူးကပ်ဟာနန်ဒက်စ်တို့နဲ့ ပွဲထွက်လာခဲ့ပြီး ဩစတြေးလျအသင်းကို လေးဂိုးတစ်ဂိုးနဲ့ အနိုင်ကစားသွားခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲစဉ် ဒိန်းမတ်အသင်းနဲ့ပွဲစဉ်မှာတော့ ဒိန်းမတ်အသင်းအနေနဲ့ အမ်ဘက်ပီကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့တာကြောင့် ပေးဂိုးနှစ်ဂိုးထိ ခွင့်ပြုခဲ့ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နှစ်ပွဲနိုင် အုပ်စုဗိုလ်နဲ့ တက်ရောက်ခဲ့တဲ့ ပြင်သစ်အသင်းဟာ နောက်ဆုံးပွဲစဉ် တူနီးရှားအသင်းနဲ့ပွဲစဉ်မှာ တစ်သင်းလုံး လူစားပြောင်းလဲခဲ့ပြီး အရန်ကစားသမားတွေနဲ့ ယှဉ်ပြိုင်သွားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယပိုင်းဦးဆောင်ဂိုးပေးလိုက်ရပြီးနောက်ပိုင်းမှာ အဓိကကစားသမားတွေဖြစ်တဲ့ အမ်ဘက်ပီ၊ ဒမ်ဘီလီ၊ ဂရစ်ဇ်မန်း၊ ရာဘီယို့တို့ကို ပြောင်းလဲခဲ့ပေမဲ့ ချေပဂိုးရခဲ့ခြင်းမရှိဘဲ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပြင်သစ်အသင်းဟာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး အုပ်စုဗိုလ်နဲ့ ၁၆ သင်းအဆင့် တက်ရောက်ခဲ့ပြီး ပိုလန်အသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

ပိုလန်အသင်းနဲ့ ရှုံးထွက်ပွဲစဉ်မှာတော့ ပုံမှန်အသုံးပြုနေတဲ့ ၄-၂-၃-၁ ကစားကွက်နဲ့ ဒိန်းမတ်အသင်းက လူစာရင်းအတိုင်း ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းရဲ့ အဓိကတိုက်စစ်အတွဲဖြစ်တဲ့ ဒမ်ဘီလီ၊ အမ်ဘက်ပီနဲ့ ဂရစ်ဇ်မန်းတို့ရဲ့ ထိုးဖောက်မှုကို ပိုလန်အသင်းခံစစ်ကြောင်း ဟန့်တားနိုင်ခဲ့ခြင်းမရှိတာကြောင့် ပွဲချိန် ၄၄ မိနစ်မှာ အမ်ဘက်ပီရဲ့ပေးပို့မှုကနေ ဂီရောဒ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ပွဲချိန်ဒုတိယပိုင်းမှာတော့ ပိုလန်အသင်းဟာ လူစားလဲမှုပြုလုပ်ပြီး တိုက်စစ်မြှင့်တင်လာခဲ့တာကြောင့် ကွင်းလယ်ခံစစ်ပိုင်း အားနည်းနေတဲ့ ပြင်သစ်အသင်း ချူအာမန်နီကို ဖိုဖန်နာနဲ့ လူစားလဲခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ ကွင်းလယ်ပိုင်းတည်ငြိမ်သွားတဲ့ ပြင်သစ်အသင်းဟာ ပိုလန်အသင်းကို ဖိအားပေးနိုင်ခဲ့လို့ ပွဲချိန် ၇၄ မိနစ်နဲ့ ပွဲချိန် မိနစ် ၉၀ မှာ အမ်ဘက်ပီက အသင်းအတွက် နှစ်ဂိုးသွင်းယူပြီး နောက်တစ်ဆင့်ကို ပို့ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ သူတို့နှစ်သင်းစလုံးဟာ ဥရောပထိပ်သီးကလပ်တွေမှာ ကစားနေတဲ့ ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားသလို အရန်ကစားသမားစာရင်းလဲ တောင့်တင်းနေတယ်ဆိုပေမဲ့ ကွင်းလယ်ကစားအားမှာတော့ အင်္ဂလန်အသင်းက ပြင်သစ်အသင်းထက် အသာရနေပေမဲ့ တစ်ယောက်ချင်းစွမ်းရည်မှာတော့ ပြင်သစ်အသင်းက သာနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အင်္ဂလန်အသင်းဟာ ပြင်သစ်အသင်းနဲ့စာရင် မြန်နှုန်းမြင့် ကစားသမားတွေများနေတာကြောင့် တန်ပြန်တိုက်စစ်ကစားရာမှာ ပြင်သစ်အသင်းထက်ကောင်းမွန်တာဖြစ်ပါတယ်။ နည်းပြနှစ်ယောက် အတွေ့အကြုံမှာတော့ နည်းပြဒက်ချမ့်က နည်းပြဆောက်ဂိတ်ထက် သာလွန်မှုရှိပေမဲ့ ပြင်သစ်အသင်းဟာ ဒဏ်ရာရကစားသမားတွေများနေတာကြောင့် နည်းပြရဲ့နည်းစနစ်ပိုင်းအတွက် အခက်အခဲရှိနေတာကို သတိပြုရမှာပါ။ တကယ်လို့ ပြိုင်ပွဲအတွင်းမှာ ပြင်သစ်အသင်းက ပွဲထွက်နေတဲ့ တိုက်စစ်ကစားသမားတစ်ယောက် ဒဏ်ရာရသွားခဲ့ရင်တော့ အနိုင်ရဖို့ ခက်ခဲသွားနိုင်ပေမဲ့ အင်္ဂလန်အသင်းမှာတော့ တိုက်စစ်ပိုင်းက ကစားသမားတစ်ယောက် ဒဏ်ရာရခဲ့ရင်လဲ သူ့နေရာမှာ ထပ်မံဖြည့်တင်းမဲ့ကစားသမားတွေက ပထမဦးစားပေးကစားသမားတွေနဲ့ ခြေစွမ်းတူညီတဲ့ ကစားသမားတွေများနေတာကို တွေ့ရမှာပါ။ ဒ့ါပြင် သူတို့နှစ်သင်း နောက်ဆုံးသုံးပွဲတွေ့ဆုံမှုမှာလဲ တစ်ပွဲစီအနိုင်နဲ့ သရေတစ်ပွဲထွက်ပေါ်ထားပေမဲ့ အင်္ဂလန်အသင်းက ပြင်သစ်အသင်းနဲ့စာရင် ကမ္ဘာ့ဖလားအတွေ့အကြုံရှိတဲ့ ကစားသမား ပိုများနေတာကြောင့် အင်္ဂလန်အသင်းကိုပဲ ရွေးချယ်လိုက်ရပါတယ်။

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၃ | - | ၃ | ဘယ်လ်ဂျီယံ |
| အင်္ဂလန် | ၆ | - | ၂ | အီရန် |
| အင်္ဂလန် | ၀ | - | ၀ | အမေရိကန် |
| ဝေးလ် | ၀ | - | ၃ | အင်္ဂလန် |
| အင်္ဂလန် | ၃ | - | ၀ | ဆီနီဂေါ |

**ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၂ | - | ၀ | ပြင်သစ် |
| ပြင်သစ် | ၄ | - | ၁ | ဩစတြေးလျ |
| ပြင်သစ် | ၂ | - | ၁ | ဒိန်းမတ် |
| တူနီးရှား | ၁ | - | ၀ | ပြင်သစ် |
| ပြင်သစ် | ၃ | - | ၁ | ပိုလန် |

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)

(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ။** စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်။** စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။ (စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ။** အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။

(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။

(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)။** အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။

(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်။** အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။

(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။

(၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။

(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက်ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်

(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား

(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကျွန်း၊ သစ်မာသစ်လုံး၊ ခွဲသားသစ် ၁၀၁၉ တန်ကို ဒီဇင်ဘာလအတွင်း အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် စက်မှုကုန်ကြမ်းဖြစ်သည့် ကျွန်း၊ သစ်မာသစ်လုံး၊ ခွဲသားသစ် ၁၀၁၉ တန်ကို ဒီဇင်ဘာလအတွင်း အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း၏ သတင်းများအရ သိရသည်။

မြန်မာ့သစ်လုပ်ငန်းရှိ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၏ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ပြည်ပရောင်းဝယ် ရေးနှင့်သစ်စက်ဌာနများက ပြည်တွင်း၊ ပြည်ပ ဝင်ငွေများ တိုးတက်ရရှိလာစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသည် သစ်ထုတ်ရေးဌာနကြီးမှ လက်ခံရရှိသော သစ်မာများနှင့် သစ်လုံးများကိုခွဲစိတ်၍ သစ်ခွဲသားများ ထုတ်လုပ်ကာ ပြည်တွင်းဝင်ငွေများကို ရှာဖွေဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်းဖြစ်သည့် ကျွန်း၊ သစ်မာသစ်လုံး၊ ခွဲသားသစ်များကို ဒီဇင်ဘာအတွင်း အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသစ်များကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် မြန်မာ့သစ်လုပ်ငန်း ကြို့ကုန်းသစ်တောဝင်းတော်ဝင်ခန်းမ အင်းစိန်မြို့နယ် ရန်ကုန်မြို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ရောင်းချပေးသွားမည့် သစ်တန်ချိန်မှာ ၁၀၁၉ တန်ဖြစ်ပြီး အဆိုပါသစ်များကို ဝယ်ယူလိုသူများအနေဖြင့် သိရှိလိုသည်များကို မြန်မာ့သစ်လုပ်ငန်း၏ ဝက်ဆိုက်ဖြစ်သည့် www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

လက်ရှိတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံပိုင်သစ်တောသယံဇာတများကို ကာကွယ်ထိန်းသိမ်းထုတ်ယူလျက်ရှိရာ ထုတ်လုပ်သည့်ကုန်ကြမ်းများကိုလည်း ထိရောက်စွာအသုံးချနိုင်ရေး၊ အလေအလွင့်မရှိစေရေးနှင့် တန်ဖိုးမြင့် သစ်အခြေခံအချောထည် (Value added Product) များအဖြစ် ပြုလုပ်၍ ပြည်ပသို့တင်ပို့ပြီး နိုင်ငံတော်အတွက် ပြည်ပဝင်ငွေ ရရှိလာစေရေးနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးဆောင်ရွက်နေကြောင်း သိရသည်။

(၃၃၆)

# ငဖဲမြို့နယ် စည်သာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ငဖဲ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စည်သာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စည်သာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ စည်သာကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ကိုးပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၁ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၁၁ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

ဇင်မာ






# ကုန်ဆုံးသွားသော စွမ်းအားများ

## DAGON MALTA FRESH နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄












Available Now!

"အောင်အတိတ် အောင်နိမိတ်ဆောင်ပြီး ရတနာပုံကိန်းဆိုက်မည့် မန္တလေးမြို့ ၏ ဂုဏ်ကျက်သရေဆောင် "

## ရတနာပုံ ခန်းမ

စတင်ဖွင့်လှစ်လိုက်ပါပြီ...

ခန်းမလူဝင်ဆံ့မှု - လူဦးရေ(၁၂၀၀) (စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက် လူဦးရေ(၁၆၀၀ + ၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။

### ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ဆွေးနွေးပွဲများ၊
အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ
အငြိမ့်ပွဲ၊ပဒေသာကပွဲ၊
ဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများ

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
STARMART MANDALAY Wholesale
၂၆လမ်း နှင့် ၆၆ လမ်းထောင့်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊
၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။



## ဝန်ထမ်းအလိုရှိသည်

Happy Car ကိုရိုးယားကားဆားဗစ်မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) **Office Staff** မ (၁)ဦး
- နံနက် (၈)နာရီမှ ညနေ (၆)နာရီအထိ
- တစ်ပတ် တစ်ရက်နား
- ကွန်ပျူတာအသုံးပြုတတ်ရမည်။

(၂) **ထမင်းချက်** မ(၁)ဦး
- တစ်ပတ်လျှင်တစ်ရက်နား
- နံနက် (၆)နာရီခွဲမှ ညနေ (၄)နာရီ
- အသွားအပြန်လုပ်နိုင်သူ

ဖုန်း/ 09-447322327, 09-794257726

**လိပ်စာ/ ၁၁၅လမ်း၊ ၆၅(D)ထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။**



## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊အောင်မြေသာစံမြို့နယ်၊အ. မ. က(၄)ကျောင်းမှ Grade-3 တွင် ပညာသင်ကြားနေသော (အဘ) ဦးစိုးနိုင်၏သားဖြစ်သူ မောင်နိုင်ထက်လင်း အား မောင်စွမ်းထက်နိုင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စွမ်းထက်နိုင်**



## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရေငယ် အ. ထ. က(ခွဲ)မှ ကျောင်းဝင်အမှတ် (၁၄၀၉)၊ Grade-5 မှ မနန်းဝတ်ရည်မြိုး ၏ ဖခင်အမည်မှန်မှာ ဦးစန်းမော် (၁၃/နခတ(နိုင်)၀၀၀၁၃၇) ဖြစ်ပါကြောင်း။

**ဦးစန်းမော်(၁၃/နခတ(နိုင်)၀၀၀၁၃၇)**



### ပျောက်ဆုံးကြောင်း

လမ္ဘာဒွန်မြို့နယ်နေ အောင်မင်းပိုင် (ဘ) ဦးသူရနိုင် (၁၄/လပတ(နိုင်) ၂၀၂၃၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၈၁၇၂၅၀၁၄

### ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နေ မျိုးမင်းဇော် (ဘ) ဦးမောင်ဌေး (၁၄/ဝခမ(နိုင်)၃၁၇၂၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၅၉၀၅၃၀၂၁

### ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နယ်နေ နန်းဆမ်းခေလီန် (ဘ) ဦးလေးရင်း (၁၄/ဝခမ(နိုင်)၃၂၁ ၉၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၂၇၆၅၀၈၇

### ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နေ မြင့်သက်ထွေး(ဘ) ဦးလှကြည် (၁၄/ကကထ(နိုင်)၁၇၆၁၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၅၇၀၄၂၉၀၅

### ပျောက်ဆုံးကြောင်း

ဟင်္သာတမြို့နေ ကြည်ကြည်မာ (ဘ)ဦးအောင်ကျော်နိုင် (၁၄/ဟသတ(နိုင်)၃၄၁၈၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၈၅၂၄၅၂၄၁၄

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ ဦးမင်းမင်းစိုး (ဘ) ဦးမျိုးမြင့် (၁၄/ပသန(နိုင်)၁၄၇၈၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၆၄၅၇၇၅၇၇


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းမှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၇၊
၀၆၇-၈၁၀၃၃၃၄၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

❖ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခေါမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# ပုဂံယဉ်ကျေးမှုဒေသမှ ဟိုတယ်များ ခရီးသွားရာသီတွင် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထား



ယခုနှစ် ခရီးသွားရာသီ၌ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားများ လာရောက်နေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၉**

ဒီဇင်ဘာနှစ်သစ်ကူးကာလနှင့်ပွဲတော်ကာလတွင် မြန်မာတို့၏ အသည်းနှလုံးဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်များသည် ပြည်တွင်းပြည်ပခရီးသွားများကို ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် အပြိုင်အဆိုင်ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့စုဝေးရာ ပုဂံဒေသတွင် ခရီးသွားလုပ်ငန်းများရပ်နားထားခဲ့ရပြီး ယခုနှစ်၌ နိုင်ငံတော်က ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပြန်လည်မြှင့်တင်ဆောင်ရွက်ခဲ့ရာ သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလမှစတင်၍ ဘုရားစေတီများ၊ပုဂံ၊အင်းလေး၊ ပင်းတယနှင့် အပန်းဖြေစခန်းများတွင် ခရီးသွားများစည်ကားခဲ့ပြီး ဒေသခံတို့၏

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**ဒီဇင်ဘာ ၁၁ ရက်မှ စ၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန် လေအီတ်တွဲဆိုင်း ညအမြန်ရထား ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်**

စာမျက်နှာ - ၃

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ**

စာမျက်နှာ - ၂၁

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂါလီ ဒုက္ခသည်စခန်းမှ ထွက်ခွာလာသူများကို ကယ်ဆယ်ရေး ဆောင်ရွက်ပေး**

စာမျက်နှာ - ၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှ စတင်ပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အမျိုးသမီးပြိုင်ပွဲတွင် နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲ နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသားပြိုင်ပွဲများတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကယားပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက

စာမျက်နှာ ၁၇ ကော်လံ ၃ ❖






အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563